# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၃၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

## နိုင်ငံ့စီးပွားရေးကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကမ္ဘာကြည့် ကြည့်မြင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပုသိမ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍


**ယနေ့** *ဖတ်စရာ*


**တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၏ ပြည်ထောင်စုနေ့ အမှတ်တရစကားသံများ** — ပြည်တွင်းသတင်း | စာ – ၉

**ပျက်ကျမီးသတ်လေယာဉ်မှ လေယာဉ်မှူးနှစ်ဦး အသက်ရှင်လွတ်မြောက်** — နိုင်ငံတကာသတင်း | စာ – ၁၄

**ပင်လုံသစ္စာ ကမ္ဘာတည်သရွေ့ ခိုင်မြဲပါမှ ...** — ဆောင်းပါး | စာ – ၁၆






# အဏုမြူနည်းပညာဖြင့် စွမ်းအင်တစ်ခေတ်ဆန်းသစ်စေမည်

အဏုမြူဟုဆိုသည်နှင့် ဒုတိယကမ္ဘာစစ်ပြီးဆုံးခါနီးကာလ ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆကီမြို့တို့၏ ကြောက်မက်ဖွယ် အနိဋ္ဌာရုံမြင်ကွင်းများကို ဦးစွာမြင်ရလေ့ရှိသည်။ အဏုမြူ စွမ်းအင်ကို လူသားတို့အတွက် အကျိုးပြုနယ်ပယ်များစွာ တို့တွင် အသုံးချနေကြသည့်တိုင် စစ်ရေးနယ်ပယ်တွင်လည်း အဖျက်စွမ်းအားကြီးမားလှသည့် အဏုမြူစွမ်းအင်၏ ပုံရိပ်တို့က ပို၍လွှမ်းမိုးနေခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ဉာဏ်ပညာကြီးမားသည့် လူသားတို့သည် ရှေးနှစ်ပေါင်း များစွာက မိမိတို့ထက် ခွန်အားဗလ လွန်စွာပိုမိုကြီးမားသည့် ဆင်ကဲ့သို့သော သတ္တဝါကြီးများကိုပင် ၎င်းတို့၏ ခွန်အားကို အသုံးချ ခိုင်းစေနိုင်ခဲ့သကဲ့သို့ အဏုမြူစွမ်းအင်ကိုလည်း ပြီးခဲ့သည့် ၂၀ ရာစုအတွင်းမှစကာ နယ်ပယ်အသီးသီးတို့တွင် အသုံးချလာကြခြင်းဖြစ်သည်။

မိမိတို့နေထိုင်ရာ မြေကမ္ဘာနှင့် စကြဝဠာတစ်ခွင် တည်ရှိသော ဒြပ်ဝတ္ထုဟူသမျှတို့ကို အဏုမြူမှုန်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အက်တမ်ဟုခေါ်သည့် အဏုမြူမှုန်တို့၏ အတွင်းတွင် လွန်စွာကြီးမားလှသည့် စွမ်းအင်များကို ဖိသိပ်သိုလှောင်ထားသော နျူကလိယပ်စ်များ ရှိနေကြောင်း ၂၀ ရာစု အစောပိုင်းကာလက သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိခဲ့ကြပြီး အက်တမ်ခေါ် အဏုမြူမှုန်ကို ဖြိုခွဲသည့်အခါ အတွင်းရှိ နျူကလိယပ်စ်များ ပြိုကွဲခြင်းဖြင့် ရောမအပူ စွမ်းအင်များ ထွက်ပေါ်လာခြင်းဖြစ်ပြီး အဆိုပါစွမ်းအင်ကို လူသားတို့၏ ကောင်းကျိုးအတွက်ဖြစ်စေ၊ ဆိုးကျိုးအတွက် ဖြစ်စေ လိုသလိုအသုံးချကြခြင်းဖြစ်သည်။

အဏုမြူစွမ်းအင်ကို ကြောက်စရာအဖြစ် ရှုမြင်သော်လည်း မိမိတို့နိုင်ငံတွင် အသုံးပြုခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဟုပင် ဆိုနိုင်သည်။ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး၊ ရှေးဟောင်းသုတေသန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် နယ်ပယ်အသီးသီးတို့တွင် အသုံးချခဲ့ခြင်းဖြစ်သည်။ ရေဒီယိုအိုင်ဆိုတုပ်များအသုံးပြု၍ ခန္ဓာကိုယ်အတွင်း ရောဂါရှာဖွေခြင်း၊ ကင်ဆာဆဲလ်များကို ဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်ရာတွင် CT (Computed Tomography)၊ MRI (Magnetic Resonance Imaging)၊ PET Scan(Positron Emission Tomography) စသည့်ရောဂါရှာဖွေစက်များမှာ အဏုမြူ စွမ်းအင်အသုံးပြုသော စက်များဖြစ်ပြီး တစ်ချိန်မဟုတ် တစ်ချိန် လူတိုင်းနှင့် မကင်းနိုင်သော စက်များပင်ဖြစ်သည်။

အဏုမြူစွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် ကနဦးကုန်ကျစရိတ်နှင့် နည်းပညာ လွန်စွာမြင့်မားသော်လည်း အခြားအားသာချက် အများအပြားကြောင့် မိမိတို့ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံအချို့နှင့် ဒေသတွင်း နိုင်ငံအချို့၌ပါ အဏုမြူ ဓာတ်အားပေးစက်ရုံများ တည်ဆောက်လည်ပတ်လျက်ရှိပြီ ဖြစ်ရာ စွမ်းအင်လိုအပ်ချက် ကြီးမားစွာရှိနေသည့် မိမိတို့ နိုင်ငံသည်လည်း အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်အသုံးပြုနိုင်ရန် ခြေလှမ်းများပြင်ဆင်လျက် ရှိပြီဖြစ်သည်။ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဖြစ်သော ROSATOM ၏ ကူညီမှုဖြင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာကို ဖေဖော်ဝါရီ ၆ ရက်တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ရာ ကျောင်းသား ကျောင်းသူလူငယ်များနှင့် ပြည်သူလူထု အတွင်း နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်သည့်အပြင် ROSATOM ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မိမိတို့နိုင်ငံတွင် တည်ဆောက် လည်ပတ်သွားမည့် Small Modular Reactor (SMR) အသေးစားဓာတ်ပေါင်းဖိုအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ အဏုမြူနည်းပညာဖြင့် စွမ်းအင် တစ်ခေတ် ဆန်းသစ်စေမည်ဟု ယုံကြည်ပါကြောင်း။ ။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့် အပ်နှင်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဘွဲ့တံဆိပ်တော် ဆက်ကပ်မှု အခြေအနေမှာ ပြည်တွင်းဘွဲ့ခံရဟန်းတော် ၃၈၂ ပါး၊ သီလရှင် ၃၈ ပါး၊ ပြည်ပဘွဲ့ခံရဟန်းတော် ၂၁ ပါး၊ သာသနာပြုလူပုဂ္ဂိုလ် ခုနစ်ဦးနှင့် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၃၅ ဦး စုစုပေါင်း ၄၈၃ ပါး/ဦး ရှိကြောင်းနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ချီးမြှင့်အပ်နှင်းပွဲနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားကြောင်း၊ အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆပ်ကော်မတီအသီးသီးအနေဖြင့် အပြန်အလှန်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်၌ ကျင်းပမည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။





အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့ နံနက်ပိုင်းမှစ၍ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာ ပြခန်း (**ဝဲပုံ**)၊ နေပြည်တော် မြို့မဈေး၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက် (**အပေါ်ပုံ**)နှင့် အမျိုးသားပြတိုက်တို့သို့ အဖွဲ့နှစ်ဖွဲ့ခွဲကာ သွားရောက်လေ့လာကြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၉ ဦး၊ ကယားပြည်နယ်မှ ၃၈ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၂ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၈ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၂၈ ဦးနှင့် ရှမ်းပြည်နယ်မှ ၃၈ ဦးတို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ရှစ်ဦး သေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ"**ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံပိုင်အဆောက်အဦများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၈၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှုစဉ်။

❍ *ရှေ့ဖုံးမှ*

### တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ ပုသိမ်စက်မှုစီမံကိန်းအတွင်း စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိကထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည့် စက်ရုံများ၏ လုပ်ငန်းလည်ပတ်မှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်၊ လက်မှုထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်းများထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်းကို အခြေခံသည့် ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ချမှတ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်သည့် Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးငွေးမြင့်၊ Delta Queen International Co.,ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးရွှေကြိုင်၊ Ayeyarwaddy Develop–ment Public Co.,ltd ဒုတိယဥက္ကဋ္ဌ ဦးစည်သူစိုး၊ ရွှေဝါနဒီ စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးလူမော်မြင့်မောင်၊ ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ချောင်းသာဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းကျော်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံ စိုက်ပျိုးတင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်သူရ၊ ဆီလုပ်ငန်းရှင် ဒေါ်မီမီကျော်နှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေကို ပိုင်ဆိုင်ထားရှိမှု၊ ငါးမွေးမြူရေး လုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူရေးနှင့် တန်ဖိုးမြင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ ပုသိမ်စက်မှုဇုန်စီမံကိန်း ဆောင်ရွက်လျက်ရှိမှု၊ ဆန်စက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပါးအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုအပ်မှု၊ ပြည်တွင်း ပြည်ပ ဈေးကွက်သို့ ဆန်တင်ပို့ရောင်းချလျက်ရှိမှု၊ ဆန်စက်များ၊ အခြောက်ခံစက်များကို စပါးထွက်ရှိရာ ဒေသများနှင့် အနီးဆုံးသောနေရာများတွင် တည်ဆောက်ထားရှိမည်ဆိုပါက ကုန်ကျစရိတ်များ ပိုမိုသက်သာစေနိုင်မှု၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နွေစပါးနှင့် ပဲတီစိမ်းများ အထွက်တိုးလျက်ရှိသည့်အတွက် ဒေသခံပြည်သူများ ဝင်ငွေတိုးပွားလာမှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး ရင်းနှီးမြှုပ်နှံငွေများ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ ပိုမိုများပြားလာသည့်အတွက် လမ်းပန်းဆက်သွယ်မှုကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ပီလောပီနံ စိုက်ပျိုးတင်ပို့ရောင်းချမှုလုပ်ငန်းများ မြန်မာနိုင်ငံတွင် တွင်ကျယ်စွာ ဖြစ်ထွန်းလာစေရေးနှင့် မဲခေါင်ဒေသအတွင်း အဓိကထုတ်ကုန် (Strategic Corps) ဖြစ်သည့်အတွက် ကူညီဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း လည်ပတ်လျက်ရှိသည့် ဆီစက်လုပ်ငန်းများအား ခေတ်မီနည်းစနစ်သုံး စက်ရုံများအဖြစ် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီပံ့ပိုးပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လျင်မြန်ချောမွေ့စေရေးအတွက် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို လျာထားလုပ်ငန်းများအလိုက် ဆောင်ရွက်လျက်ရှိမှု၊ ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ပေးစေလိုမှုကို မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းများ စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်မှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများစွာရှိပြီး အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားရှိမှု၊ နိုင်ငံတော်အနေဖြင့် အကျိုးအမြတ်ကို အဓိကမထားဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ကဏ္ဍအလိုက် ဆောင်ရွက်ပေးထားမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်း သက်သာသည့် ချေးငွေများ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များ စုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုများ ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ ပို့ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည့် စာရွက်စာတမ်းလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် နှောင့်နှေးမှုမရှိ ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေး ပြောကြားကြသည်။

### ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းသည် မြို့ပြတွင် နေထိုင်ကြကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ကျေးလက်တွင်နေထိုင်သူ ၈၅ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင် နေထိုင်သူ ၁၅ ရာခိုင်နှုန်းရှိကြောင်း၊

*စာမျက်နှာ ၄ သို့*

- ❑ **MSME လုပ်ငန်းအတွက် နည်းပညာရရှိရန် လေ့လာဆောင်ရွက်ရန်လိုသကဲ့သို့ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးမည်**
- ❑ **လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အတန်းပညာများ မြင့်မားမှုရှိစေရန် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိ**
- ❑ **ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံကုန်ကြမ်းများ ရှိပြီးဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ယခုထက် ပိုမိုတိုးတက်လာမည်**

*စာမျက်နှာ ၃ မှ*

အများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ စပါးစိုက်ပျိုးခြင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်း၊ ငါးမွေးမြူခြင်းများကို ဆောင်ရွက်ကြကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကို ကုန်ချော ဖြစ်စေရန်အတွက် ကြိတ်ခွဲခြင်းများကို ဆောင်ရွက်ခြင်းသည် MSME လုပ်ငန်းပင်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ထွက်ကုန်ပစ္စည်းများမှ တိရစ္ဆာန်အစာများကိုလည်း ရရှိသဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံအတွက် အသား၊ ငါး လိုအပ်ချက်များစွာရှိပြီး လူအများစားသုံးနိုင်သော သင့်တော်သည့် ဈေးနှုန်းဖြင့်ရောင်းချနိုင်သည့် ငါးမျိုးများမွေးမြူနိုင်ရန်လိုကြောင်း၊ အလားတူ ဆန်စပါးစိုက်ပျိုးမှုတွင်လည်း တစ်ဧကချင်းအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုသကဲ့သို့ အရည်အသွေး ကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်တကျစိုက်ပျိုးရန် စသည့်အချက်များ လိုအပ်ကြောင်း၊ ဒေသတွင်း ကုန်ကြမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများကိုလည်း အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်ကုန်များ အရည်အသွေး ကောင်းမွန်ရန်လိုပြီး ဒေသတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာလျှင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်သည့် ကုန်ကြမ်းပစ္စည်းကို ရရှိနိုင်မည်ဖြစ်သဖြင့် ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကိုလည်း ဖြစ်စေနိုင်မည်ဖြစ်ပြီး ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ဒေသတွင်း လည်ပတ်သုံးစွဲငွေများလည်း ပိုမိုများပြားလာမည်ဖြစ်ပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်တက်လာမှုနှင့်အတူ နိုင်ငံ့စီးပွားရေးသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချ၍ ရနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းလာမည်ဖြစ်ကြောင်း။

### စုပေါင်းသမဝါယမစနစ်

မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီး နိုင်ငံများတွင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆိုပါ သမဝါယမအသင်းများမှ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူး၍ စိုက်ပျိုးကြမည်ဆိုပါက အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသနှင့် တိုင်းပြည်ရှိ မြေသယံဇာတ၊ ရေသယံဇာတများကို အကျိုးရှိစွာ အသုံးချရန်လိုပြီး စိုက်ပျိုးမြေများကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှုစဉ်။

အကျိုးရှိရှိ သုံးစွဲကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဧရာဝတီတိုင်းဒေသကြီးအတွင်း စီးပွားရေးသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်များအလိုက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

### ဒေသသာယာလှပရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရေးတို့အတွက် တစ်နိုင်ငံလုံးရှိ လမ်း၊ တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးနှင့် ဒေသခံတို့၏ လူမှုစီးပွားမြင့်တက်စေရေးအတွက် ပုသိမ်လေယာဉ်ကွင်းကို အဆင့်မြှင့်တင်နိုင်ရန် လုပ်ငန်းဆန်းစစ်၍ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဒေသအလိုက် သာယာလှပရေးအတွက်ကိုလည်း ဒေသခံများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုသိမ်ဆိပ်ကမ်းတွင် ယခင်က ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် မြစ်ကြောင်း တိမ်ကောလာခြင်းများကြောင့် နောက်ပိုင်းတွင် ဝင်ရောက်နိုင်ခြင်း မရှိကြောင်း၊ ငပုတောတွင် ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်နိုင်အောင် ဆိပ်ကမ်းတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသသို့ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်သဖြင့် ဒေသသို့ လာရောက်လိုစိတ်များ ဖြစ်ပေါ်လာစေရေး ဒေသသာယာလှပမှုများနှင့် ဒေသထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြှင့်တင်ဆောင်ရွက်ရန်လိုသကဲ့သို့ လူအများသိရှိစေရေး ကြော်ငြာပေးရန်လည်းလိုကြောင်း၊ ကုန်စည်ပြပွဲများ ကျင်းပပြီး ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လူအများသိရှိ စိတ်ဝင်စားအောင် ပြသရောင်းချရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်၍ရကြောင်း၊ လေအားကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို မကြာမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး အားလုံးဆောင်ရွက်ကြရန်လိုပြီး မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

### ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရမည်

ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်း မရှိခဲ့ခြင်းကြောင့် ပြည်ပမှသွင်းကုန်များကို များစွာတင်သွင်းခဲ့ရပြီး ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထားသည့် စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းရသူ (Importer) အဆင့်မှ ပြည်တွင်းလိုအပ်ချက် ဖူလုံပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သူ (Exporter) အဆင့်အထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေ၊ ထွက်ငွေများ မျှတမှုရှိလာပါက နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကို အခြားနိုင်ငံများမှ ထိန်းချုပ်မှုဖြင့် ဆောင်ရွက်၍ မရကြောင်း။

### နိုင်ငံ့စီးပွားရေးကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကမ္ဘာကြည့် ကြည့်မြင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို အသက်သာဆုံးအတိုးနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်သဖြင့် အကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ MSME လုပ်ငန်းအတွက် နည်းပညာရရှိရန် လေ့လာဆောင်ရွက်ရန်လိုသကဲ့သို့ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အတန်းပညာများ မြင့်မားမှုရှိစေရန် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံကုန်ကြမ်းများ ရှိပြီးဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ One Region One Product ကိုဆောင်ရွက်ရာတွင်လည်း ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်သို့ ပါတင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသား အားလုံးက အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး ကမ္ဘာကြည့် ကြည့်မြင်ကြရမည်ဖြစ်ကာ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးတိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ရေထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်း တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန၊ အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် စက်မှုဝန်ကြီးဌာန အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ညွှန်ကြားရေးမှူးတို့က အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့၏ နောက်ခံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာ အချက်အလက်များ၊ စတင်လည်ပတ်ချိန်မှ ရပ်နားခဲ့ရသည်အထိ စက္ကူပျော့ဖတ်၊ စက္ကူနှင့် သတင်းစာစက္ကူ

*စာမျက်နှာ ၆ သို့*

**“စက္ကူသည် တိုင်းပြည်အတွက် လိုအပ်ချက် များစွာရှိနေပြီး နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာ စသည့်စက္ကူလိုအပ်ချက်များစွာကို ပြည်ပမှတင်သွင်း အသုံးပြုနေရ၊ စက္ကူစက်ရုံများပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းအနေဖြင့် ဝါး၊ သစ် တို့ လိုအပ်မည်ဖြစ်ပြီး စက်လည်ပတ်နိုင်ရေးအတွက် စွမ်းအင်လိုအပ်မည်ဖြစ်”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စက်ရုံမှ ထုတ်လုပ်ထားရှိသည့် စက္ကူအမျိုးအစားများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စက်ရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# “စက္ကူစက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်”

*စာမျက်နှာ ၅ မှ*

ထုတ်လုပ်နိုင်ခဲ့မှု၊ သွင်းအားစုနှင့် ထုတ်ကုန်အမျိုးအစားများ၊ ကုန်ထုတ်လုပ်မှု ဆောင်ရွက်ခဲ့မှုများ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ စက်မှုကုန်ကြမ်းသစ်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းလစာပေးချေနေရမှုနှင့် ပင်စင်လစာပေးချေထားရှိမှု၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့မှု၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## ဖြန့်ခွဲပေးပို့လျက်ရှိ

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးက မအူပင်ဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့ထွက်ရှိနေမှု၊ မအူပင်ရေနံမြေနှင့် ညောင်တုန်းရေနံမြေတို့မှ သဘာဝဓာတ်ငွေ့ထွက်ရှိမှုနှင့် သက်ဆိုင်ရာစက်ရုံများသို့ ဖြန့်ခွဲပေးပို့လျက်ရှိမှု၊ အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အား လည်ပတ်နိုင်ရေးအတွက် ဓာတ်ငွေ့လိုအပ်ချက်နှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို စစ်ဆေးပြုပြင် ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အတွက် သဘာဝတောများမှ ဝါးကုန်ကြမ်းများရရှိနိုင်မှု၊ နိုင်ငံအဝန်း ပေါက်ရောက်လျက်ရှိသည့် ဝါးအမျိုးအစားများနှင့် စက္ကူထုတ်လုပ်နိုင်မှု၊ သာပေါင်းစက္ကူစက်ရုံတည်ရှိရာဒေသ၌ နှစ်စဉ်ဝါးရရှိနိုင်မှု၊ ဝါးအမျိုးအစားများအလိုက် စိုက်ခင်းတည်ထောင်မည်ဆိုပါက တစ်ဧက ထွက်ရှိနိုင်မှု၊ စက္ကူပျော့ဖတ်များ ထုတ်လုပ်နိုင်ရန်အတွက် ကြီးမြန်သစ်မျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အား စက်ကိရိယာများပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်နိုင်ရေး စက်ရုံနှင့် စိုက်ခင်းများသို့ ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့မှု၊ စွမ်းအင် ရရှိနိုင်မှုနည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## စွမ်းအင်လိုအပ်မည်

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက္ကူသည် တိုင်းပြည်အတွက် လိုအပ်ချက်များစွာရှိနေပြီး နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာ စသည့်စက္ကူလိုအပ်ချက်များစွာကို ပြည်ပမှတင်သွင်းအသုံးပြုနေရကြောင်း၊ စက္ကူစက်ရုံများပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းအနေဖြင့် ဝါး၊ သစ် တို့ လိုအပ်မည်ဖြစ်ပြီး စက်လည်ပတ်နိုင်ရေး အတွက် စွမ်းအင်လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံပြန်လည် ပြုပြင်ပြီးချိန်တွင် ထပ်မံ တိုးချဲ့နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် သစ်တောစိုက်ခင်း၊ ဝါးစိုက်ခင်းများကိုလည်း စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ပျော့ဖတ်များကို ထုတ်လုပ်၍ ရနိုင်မည်ဖြစ်ပြီး စက္ကူစက်ရုံသို့ ဆက်လက်ပို့ဆောင်နိုင်ကြောင်း၊ စက္ကူစက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက် ကြစေလိုကြောင်း၊ စက္ကူလိုအပ်ချက်များအတွက် ပြည်ပမှ တင်သွင်းနေရသည့် နိုင်ငံခြားငွေ အသုံးပြုမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများ အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှ ထုတ်လုပ်ထားရှိသည့် စက္ကူအမျိုးအစားများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ပျော့ဖတ်ထုတ်လုပ်ရေး စက်ရုံခွဲ (Pulping Plant)၊ တန် ၅၀ စက္ကူစက်ရုံ၊ တန် ၆၀ သတင်းစာစက္ကူစက်ရုံတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြဝတီမြို့၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖျော်ဖြေပွဲကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၇**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖျော်ဖြေပွဲ၊ ဆရာ၊ မိဘ ကျောင်းသားစုံညီ မုန့်ပွဲတော်နှင့် Science & Arts Exhibition ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ရှိ New Bloom Learning Centre Private School & Preschool ကျောင်းတွင် ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးအောင်မင်းစိုး၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းဇော်၊ အကောက်ခွန်ဦးစီးမှူး ဦးမြင့်နိုင်ဌေး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး၊ လူမှုဝန်ထမ်းဦးစီးမှူး ဦးသီဟနိုင်၊ NBLC Private School မှ CEO ဦးမင်းမွန်ကို၊ NBLC Private School မှ MD ဒေါ်ဖြူသဇင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်က အမှာစကားပြောကြားပြီး NBLC CEO က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး NBLC Private Schoolမှ ကျောင်းသားကျောင်းသူလေးများက အဆို၊ အကများဖြင့် ဖျော်ဖြေ တင်ဆက်ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## စစ်တွေမြို့၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၇**

အမှတ်(၅) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စု (စစ်တွေ) မှ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ် (၅) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (စစ်တွေ) မှ ရဲမှူး မျိုးလွင် က လူကုန်ကူးမှု ဖြစ်ပေါ်လာပုံ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ၊ ကလေးသူငယ်များအား လူကုန်ကူးခြင်းရည်ရွယ်ချက်နှင့် လူကုန်ကူးမှုဖြစ်စဉ်များကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများက လူကုန်ကူးဖြစ်စဉ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ရဲမှူး မျိုးလွင်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ပြောကြားသည်။ ဆက်လက်၍ အမှတ် (၅) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (စစ်တွေ) မှ တပ်ဖွဲ့ဝင်များက လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များ စုစုပေါင်း ၁၅၀ တက်ရောက်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဂွမြို့ အ.ထ.က၌ လူငယ်စကားဝိုင်း ကျင်းပ

**ဂွ ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်ဝင်းက လူငယ်နှင့် အားကစားအကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် မြို့နယ် ပြန်/ဆက် ဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်၍ ကျောင်းသား ကျောင်းသူများက ဗလငါးတန်အကြောင်း၊ ကာယဗလ ဖွံ့ဖြိုးရေး၊ ဉာဏဗလဖွံ့ဖြိုးရေး၊ စာရိတ္တဗလဖွံ့ဖြိုးရေး၊ မိတ္တဗလဖွံ့ဖြိုးရေး၊ ဘောဂဗလဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးကြသည်။ ဆက်လက်၍ မြို့နယ်ပြန်/ဆက် ဦးစီးဌာနက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၇**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးသို့သွားရောက် ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး(**အပေါ်ပုံ**) စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်၊ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးသာမက ပုသိမ်မြို့ရှိ အခြားသော ဘုရား၊ စေတီများကိုလည်း ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်အောင် ထိန်းသိမ်းကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူစဉ်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၂)နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၂)နှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် (၁၃) တို့၏ သင်တန်းဖွင့်ပွဲ အခမ်းအနားများကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီက အဆိုပါတက္ကသိုလ် နီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အပြန်အလှန် ဆွေးနွေးကြရန်**

ရှေးဦးစွာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင်(**ယာပုံ**) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးက ပြည်ထောင်စုအဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာကြီး၊ ဆရာမကြီးများက ခေါင်းဆောင်များအတွက် လိုအပ်






သော ခေါင်းဆောင်မှုဘာသာရပ်၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတို့ကို ၎င်းတို့၏ အတွေ့အကြုံနှင့် ပညာရပ်ပိုင်းဆိုင်ရာ ရှုထောင့်တို့မှ ပို့ချဆွေးနွေးပေးမည်ဖြစ်၍ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံခွင့်ရသည့် အခိုက်အတန့်တွင် အပြန်အလှန် ဆွေးနွေးလေ့လာကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရှစ်ပတ်ကြာမြင့်မည်**

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၂)သို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ သုံးဦး စုစုပေါင်း ၁၇ ဦးနှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ် (၁၃)သို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၁၆ ဦး စုစုပေါင်း ၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၆ ရက်မှ မတ် ၃၁ ရက်အထိ ရက်သတ္တ ရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်ခံယူချက် မြင့်မားရေး၊ စည်းကမ်းပြည့်ဝရေး၊ အရည်အသွေး တိုးတက် မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ သြဝါဒစကား ပြောကြားပြီး တက္ကသိုလ်အတွင်း လေ့ကျင့်သင်ကြားနေမှု၊ စိုက်ပျိုးထားရှိသည့် နှစ်ရှည်ပင်၊ ဈေးကွက်ဝင် နှစ်လတ်ပင်နှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန် ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါ ဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်နိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

သတင်းစဉ်

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်း တောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက် စည်ကားမှုကို အထောက်အကူ ဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေ ကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံ ပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည် တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန် ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန် အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့အထိ လှူဒါန်းမှုစုစုပေါင်းမှာ ရွှေထည် ၁၀ ပိဿာ ၂ ကျပ်သား၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၅ ပိဿာ ၅၆ ကျပ်သား၊ ကျောက်မျိုးစုံ ၇၉ ပိဿာ ၂၅ ကျပ်သား၊ ဓာတ်တော်မွေတော်၊ ပုလဲနှင့် ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များနှင့် အလှူငွေကျပ် ၇၆၀၉၀၂၈၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ အနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါကြောင်းနှင့် အဆိုပါ ၈ ရက်နေ့နောက်ပိုင်းတွင် ကြိုတင်ပြင်ဆင်ရန် လုပ်ငန်းများရှိပါသဖြင့် အဖိုးတန် ကျောက်မျက်ရတနာများ၊ ဌာပနာပစ္စည်းများကို လက်ခံခြင်းမရှိတော့ဘဲ လှူဒါန်းငွေများကိုသာ လက်ခံသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**







အလှူရှင်များ၏ လှူဒါန်းမှုများကို တာဝန်ရှိသူများက လက်ခံယူစဉ်။




**ညီညွတ်ခြင်းသည် စွမ်းအင်**
**စည်းလုံးခြင်းသည် ခွန်အား**
**ပြည်ထောင်စု၏ နှလုံးသား။**

## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက်
## ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၏ ပြည်ထောင်စုနေ့ အမှတ်တရစကားသံများ


မိစန္ဒာလင်း


မယမင်းဆုထက်


မထွန်းရတနာဦး


မယွန်းနေခြည်


မသက်မာအောင်

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ယင်းအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ပြည်ထောင်စုနေ့ အမှတ်တရစကားသံများကို ဖော်ပြလိုက်ပါသည်။**

**မိစန္ဒာလင်း (မွန်ပြည်နယ်ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့)**

မွန်ပြည်နယ် ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့မှာ အဖွဲ့ဝင် ၃၄ ဦး ပါပါတယ်။ ဖျော်ဖြေရေးအနေနဲ့ "မွန်တို့အားမာန်" တေးသီချင်းနဲ့ ဖျော်ဖြေကြမှာဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုနေ့မှာ ပါဝင်တက်ရောက် ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လာကြတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ဆုံခွင့်ရတဲ့အပြင် သူတို့ရဲ့ရိုးရာယဉ်ကျေးမှု၊ နေထိုင်မှုပုံစံတွေကိုပါ သိရှိလေ့လာခွင့်ရတဲ့အတွက် အသိပညာဗဟုသုတများစွာရပါတယ်။ ကိုယ့်တိုင်းရင်းသားတွေရဲ့ အကြောင်းတွေကိုလည်း ပြန်လည်မျှဝေခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အဲဒီအပြင် နေပြည်တော်က အထင်ကရနေရာတွေကိုလည်း လေ့လာရေးခရီးစဉ်တွေအဖြစ် ပို့ဆောင်ပေးတဲ့အတွက် ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ ပို့ဆောင်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**မယမင်းဆုထက်**
**(မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့)**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တိုင်းရင်းသားအစုံအလင်ကို တစ်စုတစ်စည်းတည်း တွေ့ခွင့်ရတဲ့အပြင် ရိုးရာအကတွေကိုလည်း မြင်တွေ့ခွင့်ရတဲ့အတွက် အသိအမြင်ဗဟုသုတတွေ တိုးပွားစေပါတယ်။ ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံနဲ့ တစ်စုတစ်စည်းတည်း လေ့လာရေးခရီးတွေ သွားရောက်ရတဲ့ ပျော်ရွှင်မှုကို အမြဲအမှတ်ရနေမှာဖြစ်သလို သူတို့ရဲ့ စကားသံဝဲဝဲလေးတွေကိုလည်း သတိရနေမှာ ဖြစ်ပါတယ်။

**မထွန်းရတနာဦး (ရှမ်းပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

ရှမ်းပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့အနေနဲ့ စုစုပေါင်း ၃၈ ဦး ပါပါတယ်။ ဖျော်ဖြေရေးအနေနဲ့ "ကမ္ဘောဇအလှ" ရှမ်းတေးသီချင်းနဲ့ ဖျော်ဖြေကြမှာဖြစ်ပါတယ်။ နေပြည်တော်ရဲ့ အထင်ကရနေရာတွေကို လိုက်ပို့ပေးတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို မတွေ့မမြင်ဖူးသေးတဲ့ အရာတွေကို သွားရောက်လေ့လာခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ နက္ခတ်တာရာပြခန်းဆိုရင် တစ်ခါမှမမြင်ဖူးတဲ့အတွက် မြင်လိုက်ရတဲ့အချိန်မှာ အံ့သြမိပါတယ်။ ဒေသအသီးသီးက တိုင်းရင်းသားတွေကို အခုလို စုံစုံညီညီ ဆုံတွေ့ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။

**မယွန်းနေခြည် (မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့အနေနဲ့ "ပြည်ထောင်စုနေ့" သီချင်းနဲ့ ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက တိုင်းရင်းသားစုံစုံလင်လင်ကို တစ်နေရာတည်းမှာ တွေ့ဆုံရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အဲဒီအပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ အတူတကွ နေပြည်တော်ရဲ့ အထင်ကရနေရာတွေကို လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အခုလို ဒေသအသီးသီးက တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရချိန်မှာ တစ်ဦးနဲ့တစ်ဦး ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးထမ်းတွေကို အမြင်ချင်းဖလှယ်ကြရင်း ရင်းနှီးမှု၊ ချစ်ခင်မှု၊ နားလည်မှုတွေ ရရှိခဲ့ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရေးအတွက်လည်း အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်။

**မသက်မာအောင်**
**(ရခိုင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

ကျွန်မတို့ ရခိုင်ပြည်နယ် ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့အနေနဲ့ စုစုပေါင်း ၂၈ ဦး ပါပါတယ်။ ကျွန်မတို့ရဲ့ ရိုးရာဖြစ်တဲ့ "အဇိန်ဇိပ်ကေ" ကစားနည်းအကသီချင်းနဲ့ ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်။ အခုလို နိုင်ငံတော်အဆင့်အခမ်းအနားမှာ ပထမဆုံးအကြိမ် ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီမှာ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ရတဲ့အတွက်ကြောင့်မို့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြည်နူးမိပါတယ်။ နေပြည်တော် ရောက်နေစဉ်မှာလည်း အထင်ကရနေရာတွေကို သွားရောက် လေ့လာခွင့်ရတဲ့အပြင် တိုင်းရင်းသား ဘာသာစကားတွေကိုလည်း အချိန်တိုအတွင်းမှာ လေ့လာဖလှယ်ခွင့်ရတဲ့အတွက် နောင်နှစ်တွေလည်း ကြုံချင်ပါတယ်။

**သန်းမင်းအောင်၊ ဂျိုင်းလော**
**(သတင်းစဉ်)၊ ဓာတ်ပုံ - ကိုကိုအေး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တောင်ကြီးမြို့၌ ကျင်းပသော (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်

**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက တောင်ကြီးမြို့ အဝေယာ မီးပုံးပျံကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အာခါ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့က "စေးစေး" သီချင်းဖြင့် ဖျော်ဖြေကပြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်းက ဖတ်ကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများအားလုံး အမြန်ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပြီး လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူ ပူအမျှ အတူတကွ နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စည်းလုံးညီညွတ်မှုကို သက်သေထူခဲ့သော နေ့ထူးနေ့မြတ် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ရှမ်းပြည်နယ်ကြီး တည်ငြိမ် အေးချမ်းစေရန်နှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ငြိမ်းချမ်းလုံခြုံစွာ ဥမကွဲ သိုက်မပျက် နေထိုင်နိုင်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို အတူလက်တွဲ တည်ဆောက်သွားကြရန် ပြောကြားသည်။

**ထူးချွန်ဆုများ ချီးမြှင့်**

ထို့နောက် လီဆူတိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့က လီဆူ ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးအကဖြင့် ဖျော်ဖြေကပြပြီး (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းရရှိသူများကို ဆုများချီးမြှင့်ရာ ဘာသာ၊ သာသနာဆိုင်ရာ ထူးချွန်ဆု ရရှိသူများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ ကျော်ထွန်း၊ ဒေါ်ဒွဲဘူ၊ ပိုးရယ် အောင်သိန်း၊ ဦးရွှေကြိမ်းတို့က လည်းကောင်း၊ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများနှင့် စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တို့ကလည်းကောင်း၊ မွေးမြူရေး ထူးချွန်ဆုရရှိသူများနှင့် လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ မှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများကလည်းကောင်း၊ အားကစားထူးချွန်ဆုရရှိသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက လည်းကောင်း ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများကို ချီးမြှင့်ပေးအပ်ကြပြီး ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဆိုလာအစုံ ၂၅၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး က ပေးအပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လက်ခံရယူသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်း ဘာသာ၊ သာသနာဆိုင်ရာ ထူးချွန်ဆုရရှိသည့် ဆရာတော်တစ်ပါးအား ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။**

ထို့နောက် ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကအဖွဲ့က ရှမ်းရိုးရာ အကအလှများ၊ "ဝ" တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့က "ဝ" တို့ရိုးရာ "အေးဟာဟာ" သီချင်း၊ "ပအိုဝ်း" တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့က ပအိုဝ်းတိုင်းရင်းသားရိုးရာ အိုးစည်ဗုံမောင်း အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ ပြခန်းများ ဖွင့်ပွဲကျင်းပရာ ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်း၊ ဒေါက်တာ ကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် နှင့် Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များက ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**မောင်မောင်သန်း (တောင်ကြီး)**




## ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ Air-Compressor ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

**ပဲခူး ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ကလေးအလုပ်သမားဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Air-Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၁/၂၀၂၃) ကို ယနေ့နံနက် ၉ နာရီခွဲက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး)၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ပဲခူးမြို့မှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်တာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းပြီးစီးပါက သင်ယူရရှိခဲ့သည့် အသိပညာ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချကာ မိမိတို့၏ လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေချွေတာရေး နည်းလမ်းများ

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းစစ်ဆေး





**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ (၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တို့သည် ICJ ဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံ နေရာချထားရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ မူလနေရပ်သို့ ပြန်လည်နေရာချထားရေးနှင့် ယာယီစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ကွင်းဆင်းစစ်ဆေးရန် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

### လေ့လာကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြန်မာ - အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စစ်တွေမြို့ ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းရုံးသို့ သွားရောက်၍ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို သွားရောက် ကြည့်ရှုလေ့လာကြရာ **(အပေါ်ပုံ)** စီမံကိန်းတာဝန်ခံ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ပြည်နယ်ဦးစီးမှူး ဦးနေဦးက စစ်တွေဆိပ်ကမ်းတွင် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ စစ်တွေမြို့မှ ပလက်ဝမြို့အထိ ရေကြောင်းခရီးဖြင့် လည်းကောင်း၊ ပလက်ဝမှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ကုန်းလမ်းခရီးဖြင့် လည်းကောင်း၊ ကုန်ပစ္စည်းများ ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပလက်ဝဆိပ်ကမ်း တည်ဆောက်ပြီးစီးမှုအခြေအနေ၊ စီမံကိန်းပြီးစီးပါက နှစ်နိုင်ငံ ကုန်သွယ်မှုများစွာ တိုးတက် ကောင်းမွန်လာမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းပြီး စီမံကိန်းဧရိယာနှင့် ဆိပ်ခံတံတားတို့ကို လေ့လာကြည့်ရှုကြသည်။

### ညှိနှိုင်းဆွေးနွေး

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice – ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ ICJ ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ပြီး ICJ တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် စွပ်စွဲထားရှိသည့် အချက်များအား ချေပလွှာ (Counter Memorial) တင်သွင်းနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဝိုင်းဝန်းသုံးသပ်ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ် တို့သည် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပပြုလုပ်သည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြပွဲနှင့် ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးကြပြီး ပြပွဲ၌ ခင်းကျင်းပြသလျက်ရှိသည့် ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု အားပေးကာ ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များကို လုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းဆွေးနွေး၍ ဖွင့်ပွဲ၌ ရခိုင်ရိုးရာ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည့် စစ်တွေတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အသက် ၅ နှစ်မှ ၁၂ နှစ်အကြား ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ၁၂ နှစ်အထက် ထပ်ဆောင်း ကာကွယ်ဆေးထိုးပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေး၍ ကျောင်းသားကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာ၊ ဖြည့်စွက်အာဟာရနှင့် မုန့်များ ပေးအပ်ကြပြီး ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များကို ပံ့ပိုးပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားရှိသည့် စစ်တွေမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းကျောင်းတွင် အခြေခံနှင့်အဆင့်မြင့် စက်ချုပ်အတတ်ပညာဖြင့် လူမှုဘဝရပ်တည်နိုင်ရေးအတွက် တက်ရောက်သင်ကြားလျက်ရှိသည့် တိုင်းရင်းသားနှင့် ဘင်္ဂါလီသင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ICJ ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် အစည်းအဝေးကို ကျင်းပပြုလုပ်ကြပြီး လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးကာ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တာဝန်ရှိသူများအား ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အလုပ်သမားဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အလုပ်သမားဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ တက်ရောက်အားပေးကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ပြိုင်ပွဲဝင် အသင်းခုနစ်သင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အမှတ်ပေး သတ်မှတ်ချက်များနှင့်အညီ အားကြိုးမာန်တက် ယှဉ်ပြိုင်ကြပြီး ဝန်ထမ်းများကလည်း အိုးစည်၊ ဒိုးပတ်များဖြင့် ပျော်ရွှင်စွာ အားပေးခဲ့ကြကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးသိုင်းချောင်းမြို့၌ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်

**ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၇**



ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ လျှပ်စစ် ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဇန်နဝါရီလမှစတင်၍ ယနေ့အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့ အတွင်းရှိ လျှပ်စစ်သုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျှော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ မရှိစေရေးတို့အတွက် ငါးသိုင်းချောင်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၊ မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ရဲနိုင်နှင့် ဝန်ထမ်းများက ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှု စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ မီတာများ စစ်ဆေးခြင်း၊ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်းရှိ အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများအတွက် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ်အတွင်းရှိ အသက် (၈၅)နှစ်နှင့်အထက် ဘိုးဘွားများအတွက် ၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး ဒေါ်ဆွေဆွေမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် မြို့မိမြို့ဖများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားခံ ဘိုးဘွားများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထောက်ပံ့ရခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဝန်ကြီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများ၏ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာများကို တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုပေးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၄)နှင့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆)အရ သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံမှုရရှိစေရေးအတွက် အမျိုးသားလူမှုရေးပင်စင်ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိမှာ အကျိုးခံစားခွင့်ရှိသူ ၂၃၂၇၀၃ ဦးကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် ယခု တတိယ သုံးလပတ်ကာလအတွင်း အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို ၁၄၂၉၄ ဦးရှိပြီး ထောက်ပံ့မှုအနေဖြင့် စုစုပေါင်း (ကျပ်သိန်းလေးထောင့်နှစ်ရာ ရှစ်ဆယ့်ရှစ်သိန်းနှစ်သောင်းတိတိ)ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ စုစုပေါင်းလူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်းသည် အသက် (၆၀) နှစ်နှင့်အထက်ဖြစ်ကြောင်း၊ ထိုလူဦးရေ အချိုးအစားပြောင်းလဲလာမှုအပေါ်အခြေခံပြီး အနာဂတ်အတွက်ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ အလားတူ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးအတွက် မိသားစုအဆင့်နှင့် ရပ်ရွာအဆင့်ကို ပိုမိုခိုင်မာအားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများသည် လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူများဖြစ်ခြင်းကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကိုယ်စား လူမှုရေးပင်စင် ထောက်ပံ့ပေးခြင်းသာမက သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံမှုရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွင်း ရခိုင်ပြည်နယ်ရှိ အသက် (၈၅)နှစ်အထက် ဘိုးဘွား ၁၄၂၉၄ ဦးအတွက် ထောက်ပံ့ကြေးငွေကျပ် ၄၂၈၈၂၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။ **(အပေါ်ပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အဘိုးအဘွားများအား လူမှုရေးပင်စင်နှင့် ထောက်ပံ့ပစ္စည်း၊ အဝတ်အထည်များကို လက်ဝယ်အရောက် ပေးအပ်ပြီး အဘိုးအဘွားများအား အာဟာရများ ကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ စစ်တွေမြို့နယ်မှ သက်ကြီးအဘိုး ၅၅ ဦးနှင့် အဘွား ၆၅ ဦး စုစုပေါင်း အဘိုးအဘွား ၁၂၀ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းကို မှန်ကန်သည့် လူဦးရေစာရင်းများ ထုတ်ပြန်နိုင်သည်အထိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရခိုင်ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ကော်မတီအဖွဲ့ဝင်များကို ယမန်နေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ ညှော်ဂေဟာ၌ တွေ့ဆုံပြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းကို မှန်ကန်သည့် လူဦးရေစာရင်းများ ထုတ်ပြန်နိုင်သည်အထိ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထိုသို့ တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူးက ရခိုင်ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမှု တစ်အိမ်တက်ဆင်း ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကောက်ယူရရှိသည့် လူဦးရေအချက်အလက်များအား e-ID Software ဖြင့် ချိတ်ဆက်၍ ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမှုလုပ်ငန်း အောင်မြင်ရေးအတွက် စီမံဆောင်ရွက်မှုနှင့် ကောက်ယူရန် ကျန်ရှိသည့် ဒေသများတွင် ကွက်ပြည့်နင်းကာ ဆက်လက်ကောက်ယူ ဆောင်ရွက်မည့် အခြေအနေနှင့် အောင်မြင်ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများကို ဖြည့်စွက်ပြောကြားသည်။

ထို့နောက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ အရေးအကြီးဆုံး လုပ်ငန်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်မှာ လွတ်လပ်ပြီး တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ယင်းသို့ ရွေးကောက်ပွဲ ကျင်းပနိုင်ရန် မှန်ကန်သည့် မဲဆန္ဒရှင်စာရင်း ပြုစုပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူဦးရေစာရင်း အချက်အလက်များကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ရုံးပိတ်ရက်များမပါ ရက်ပေါင်း ၂၀ ကြာ မြေပြင်ကွင်းဆင်း တစ်အိမ်တက်ဆင်း ကောက်ယူခဲ့ကြောင်း၊ ယင်းလုပ်ငန်းဆောင်ရွက်ရန် ရုံးချုပ်ရှိ e-ID Software ဖြင့် ထုတ်ယူ၍ တစ်နိုင်ငံလုံး၌ ကောက်ယူရန် လျာထားသည့် အိမ်ထောင်စုများအနက် ၈၆ ဒသမ ၇ ရာခိုင်နှုန်း ကောက်ယူနိုင်ခဲ့ပြီး ရခိုင်ပြည်နယ်အနေဖြင့် ၉၉ ဒသမ ၂၅ ရာခိုင်နှုန်း ကောက်ယူပြီးစီးခဲ့သည်ကို တွေ့ရှိရကြောင်း။

သို့သော် ရခိုင်ပြည်နယ်အတွင်း လက်ရှိအိမ်ထောင်စုစာရင်းမရှိသူများကို အလွတ်ပုံစံများဖြင့် ကောက်ယူခဲ့ရာ အိမ်ထောင်စုပေါင်း ၁ ဒသမ ၄ သိန်းကျော်ကို ကောက်ယူနိုင်ခဲ့ကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်း အချက်အလက်များကိုလည်း e-ID Software ဖြင့် ချိတ်ဆက်ကာ အချက်အလက် ပြင်ဆင်၊ ဖြည့်စွက်အတည်ပြုဆောင်ရွက်သည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန် ကျန်ရှိနေသည့် အိမ်ထောင်စုများကို ကွက်ပြည့်နင်း ကောက်ယူနိုင်ရန် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ မှန်ကန်သော လူဦးရေအချက်အလက်များရရှိပြီး တိကျမှန်ကန်သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းပြုစုနိုင်မည်ဖြစ်ကာ နိုင်ငံတော်၏ အနာဂတ်အတွက် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီဝင်များက လုပ်ငန်းစဉ်အားလုံး ပြီးမြောက်အောင်မြင်ရေးအတွက် ဌာနအလိုက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃)ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃)တို့ဖြင့်လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် တည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ်(စစ်ကိုင်း) တည်ထောင်သည့်နေ့ (၁၁)နှစ်မြောက် အထိမ်းအမှတ် ဂုဏ်ပြုသုတေသနစာတမ်းဖတ်ပွဲကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၇**

သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ် (စစ်ကိုင်း) တည်ထောင်သည့်နေ့ (၁၁) နှစ်မြောက် အထိမ်းအမှတ် ဂုဏ်ပြုသုတေသန စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက စာတမ်းဖတ်ပွဲ ရည်ရွယ်ချက်(၂)ရပ်မှာ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၊ သမဝါယမ ကောလိပ်(မန္တလေး)၊ ယွန်းပညာကောလိပ် (ပုဂံ)နှင့် ဘာသာရပ်ဌာနများရှိ ဆရာ ဆရာမများ၏ စွမ်းရည် ပိုမိုမြင့်မားလာစေရန်နှင့် ဒေသတွင်းလူမှုစီးပွားရေး ပိုမိုသိရှိနိုင်စေရန်နှင့် ပြည်တွင်း ပြည်ပတွင် သုတေသနစာတမ်းများ ဖတ်ကြားပြီး သုတေသန ပြုလုပ်လိုစိတ် ပိုမိုပေါ်ပေါက်လာစေရန်၊ ဘာသာရပ် အကျိုးပြု၊ တက္ကသိုလ်အကျိုးပြု၊ ဒေသအကျိုးပြု၊ နိုင်ငံ့အကျိုးပြု သုတေသနစာတမ်းများ ထွက်ပေါ်လာစေရန်နှင့် အရည်အသွေးပြည့်ဝသော သုတေသန ဂျာနယ် ထုတ်ဝေနိုင်ရန်ဖြစ်ကြောင်း။

ယခုနှစ် စာတမ်းဖတ်ပွဲ Themes မှာ Qualified Research for Bringing Brighter Future of Social Cohesion and Economic Development ဖြစ်ပါကြောင်း၊ တက္ကသိုလ်တွင် KOREA MYANMAR RESEARCH ASSOCIATION, UNIVERSITY OF MALAYSIA SARAWAK စသည့် နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် KOMYRA သုတေသနဂျာနယ်များတွင် ပါဝင်ခွင့်ရရှိခဲ့ကြောင်း၊ သုတေသနပြုလုပ်ခြင်းဖြင့် သင်ကြားရေးတွင် များစွာအထောက်အကူပြုခြင်း၊ သက်ဆိုင်ရာဘာသာရပ်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားနိုင်ခြင်း၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ကွန်ရက်ကျယ်ပြန့်လာခြင်း၊ စဉ်းစားတွေးခေါ်မှု၊ ဆန်းစစ်ဝေဖန်ပိုင်းခြားမှု တိုးတက်လာနိုင်ခြင်း အကျိုးကျေးဇူးများရှိကြောင်း၊ နောင်တွင် ပြည်ပစာတမ်းရှင်များပါ ဖိတ်ခေါ်လျက် International Conference ကျင်းပနိုင်သည်အထိ ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာတမ်းရှင်များက ဘာသာရပ်အကျိုးပြုစာတမ်း ငါးစောင်၊ လူမှုအကျိုးပြု စာတမ်းခုနစ်စောင်၊ ဒေသအကျိုးပြုစာတမ်း တစ်စောင်၊ ပေါင်း ၁၃ စောင်ကို online ၊ offline တို့ဖြင့် ဖတ်ကြားကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။ အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ယခုအသက်ခြောက်လခွဲသားအရွယ်တွင် အရပ်အမြင့် သုံးပေ နှစ်လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၁၀ လက်မ ၊ ကိုယ်အလေးချိန် ၃၆၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ **(အောက်ပုံ)** ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် (Peace Human and Elephant Interaction Training) ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရေစကြို၌ မသန်စွမ်းသူများဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရေစကြို ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ မသန်စွမ်းသူများဆိုင်ရာ အသိပညာပေး (Talk Show) ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ပြည်သူများ အသိပညာဗဟုသုတမြင့်မားစေရေးအတွက် အွန်လိုင်းစနစ်ဖြင့် ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် နစ်ခ်ဗိုအစ်ချစ်အကြောင်း ဗဟုသုတရရှိစေရေး ရှင်းလင်းပြောကြားပြီး ရေစကြိုမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်အေးက မသန်စွမ်းသူများဆိုင်ရာများနှင့်ပတ်သက်၍ မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးနှင့် ဥပဒေအကြောင်း၊ မသန်စွမ်းအမျိုးအစားများ၊ မသန်စွမ်းသူများ၏ သတ်မှတ်ချက်များ၊ မသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊ မြန်မာနိုင်ငံတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်နေ့၊ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ၊ စာသင်တန်းကျောင်းများ၊ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးထားမှု စသည့်မသန်စွမ်းသူများဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးသည်။

**မောင်လုလင် (ရေစကြို)**

# ကျုံပျော်၌ လူငယ်စကားဝိုင်း ဆွေးနွေး

**ကျုံပျော် ဖေဖော်ဝါရီ ၇**

လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးစေရန်၊ လူအများနှင့် ဆွေးနွေးပြောဆိုမှု ပြုတတ်စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျုံပျော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၆ ရက်က ပြုလုပ်သည်။

ထို့နောက် စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးနှင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ပညာရေး စသည့်အကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပါဝင်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**

# အင်အားပြင်းငလျင်ကြောင့် တူကီယဲနှင့် ဆီးရီးယားတို့တွင် သေဆုံးသူ ၅၀၀၀ ကျော်အထိမြင့်တက်

**အင်ကာရာ ဖေဖော်ဝါရီ ၇**

တူကီယဲနှင့် အိမ်နီးချင်း ဆီးရီးယားနိုင်ငံတို့တွင် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက လှုပ်ခဲ့သော ငလျင်ကြောင့် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲအထိ သေဆုံးသူ ၅၀၀၀ ကျော်နှင့် ဒဏ်ရာရရှိသူ သောင်းချီအထိ ရှိလာပြီဖြစ်သည်။

တူကီယဲတွင် သေဆုံးသူ ၃၄၁၉ ဦး အထိ မြင့်တက်လာပြီဖြစ်ကြောင်း ဒုတိယသမ္မတ ဖူအက်အော့တေးက ပြောသည်။ ထို့အပြင် ဒဏ်ရာရရှိသူ ၂၀၅၃၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။ အင်အားပြင်းငလျင်များလှုပ်ခြင်းကြောင့် အဆောက်အအုံပေါင်း ၅၇၇၅ လုံးပျက်စီးခဲ့ကြောင်း သဘာဝဘေးဒုက္ခနှင့် အရေးပေါ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောသည်။

တူကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်သည် ငလျင်ကြောင့်သေဆုံးခဲ့သူများအတွက် ခုနစ်ရက်ကြာ နိုင်ငံလုံးဆိုင်ရာ ဝမ်းနည်းခြင်းအထိမ်းအမှတ် ကြေညာခဲ့သည်။ ထို့ပြင် ငလျင်ဒဏ်သင့်ဒေသများအတွက် သုံးလတာ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

အိမ်နီးချင်း ဆီးရီးယားနိုင်ငံတွင်လည်း လူပေါင်း ၁၅၀၀ ကျော်သေဆုံးခဲ့ပြီး ၃၅၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာအကူအညီပေးရေးအေဂျင်စီများသည် ငလျင်ဒဏ်သင့်ဒေသများသို့ အကူအညီများပေးရန် ကမ်းလှမ်းထားသည်။

တရုတ်နိုင်ငံအပါအဝင် အီရန်၊ အီဂျစ်၊ တူနီးရှား၊ ရုရှား၊ ပြင်သစ်နှင့် တခြားနိုင်ငံများက တူကီယဲနှင့် ဆီးရီးယားတို့ကို ကူညီရန် စိတ်အားထက်သန်လျက်ရှိသည်။

ရက်ချ်စတာစကေး ၇ ဒသမ ၈၊ ၇ ဒသမ ၆ နှင့် ၆ ဒသမ ၄ အဆင့်ရှိ ငလျင်များသည် ဖေဖော်ဝါရီ ၆ ရက်အစောပိုင်းက တူကီယဲနှင့် ဆီးရီးယားနိုင်ငံတို့တွင် လှုပ်ခဲ့သည်။

ဖိလစ်ပိုင်ရှာဖွေ၊ ကယ်ဆယ်၊ ထောက်ပံ့ရေးအဖွဲ့ ၈၅ ဦးကို တူကီယဲနိုင်ငံသို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း သမ္မတ ဖာဒီနန် ရိုမူဒက်ဇ် မားကော့စ်က ဖေဖော်ဝါရီ ၇ ရက်က ပြောသည်။

ထို့အတူ တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့သည်လည်း ငလျင်ဒဏ်သင့်သူများကို ကူညီရန် ဖေဖော်ဝါရီ ၇ ရက်က ငလျင်လှုပ်ခတ်ရာ ဒေသများသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



တူကီယဲနိုင်ငံတွင် ငလျင်များ လှုပ်ပြီးနောက် ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

# ပျက်ကျမီးသတ်လေယာဉ်မှ လေယာဉ်မှူးနှစ်ဦး အသက်ရှင်လွတ်မြောက်

**ဆစ်ဒနီ ဖေဖော်ဝါရီ ၇**

မီးသတ်လေယာဉ် တစ်စင်းဖြစ်သည့် ဘိုးရင်း ၇၃၇ လေယာဉ်သည် သြစတြေးလျနိုင်ငံ တောင်ဘက်ကမ်းရိုးတန်းပြည်နယ် မြို့တစ်မြို့ဖြစ်သည့် ဟုပ်တောင်းအနီး ဖစ်ဂီရဲလ်အမျိုးသားပန်းခြံအနီးတွင် ပျက်ကျခဲ့ပြီးနောက် လေယာဉ်မှူးနှစ်ဦး(**အောက်ပုံ**)လုံး ဒဏ်ရာအနည်းငယ်ဖြင့် အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း မြောက်ပိုင်း သြစတြေးလျ ရဲတပ်ဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်က အတည်ပြုခဲ့သည်။ လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ ပန်းခြံအနီးတွင် ရဲလုပ်ငန်းဆိုင်ရာများနှင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖော်ပြခဲ့သည်။



မီးငြိမ်းသတ်ရန် ဘိုးရင်း ၇၃၇ မီးသတ်လေယာဉ်သည် ဘန်ဘာရီမှ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၂၅ မိနစ်က ထွက်ခွာခဲ့သည်။

လေယာဉ်ပေါ် လိုက်ပါလာသော လေယာဉ်မှူးနှစ်ဦးသည် လေယာဉ်ပျက်ကျမှုမှ ဖြစ်ပွားရာမှ လွတ်မြောက်ခဲ့သည်။ သက်ဆိုင်ရာ အာဏာပိုင်များသည် လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ နေရာသို့ ရောက်ရှိခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ဆင်ဟွာ

# ရေဘေးကြောင့် လေးဦးသေဆုံးပြီးနောက် နမီးဘီးယားမြောက်ပိုင်းဒေသ အကူအညီတောင်းခံ

**ဝင်းဟုတ် ဖေဖော်ဝါရီ ၇**

လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်အတွင်း လူလေးဦး သေဆုံးခဲ့ပြီးနောက် နမီးဘီးယားမြောက်ပိုင်း ရေကြီးမှုအများဆုံး ဒေသတစ်ခုက အကူအညီများတောင်းခံခဲ့သည်။

ရေဘေးကြောင့် အိမ်ပေါင်း ၄၉ လုံးကျော်ပျက်စီးခဲ့ပြီး ကျောင်းပေါင်း ၃၀ ကျော်ပိတ်ခဲ့ရကာ ကျောင်းသူကျောင်းသားပေါင်း ၂၀၀၀၀ ကျော် ဘေးဒုက္ခရောက်ခဲ့ပြီးနောက် ရေကြီးမှုအများဆုံးဒေသ ဖြစ်သည့် လူပေါင်း ၁၇၀၀၀၀ ကျော် မှီတင်းနေထိုင်သည့် အိုရှာနာဒေသနှင့် တခြားရေဘေးသင့်ဒေသတစ်ခုဖြစ်သည့် အိုဟန်ဝီနာဒေသများတွင် ဖေဖော်ဝါရီ ၆ ရက်အထိ လူပေါင်း ၆၀၀ ကျော်ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

ဖေဖော်ဝါရီ ၆ ရက်အထိ လူလေးဦး ရေနစ်သေဆုံးခဲ့ကြောင်း မြောက်ပိုင်းဒေသရှိ ရဲတပ်ဖွဲ့က ပြောခဲ့သည်။ အိုဟန်ဝီနာသည် ယခုအချိန်အထိ အကူအညီမတောင်းရသေးသော်လည်း အိုရှာနာဒေသ၌ အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိသည်။ အိုရှာနာဒေသမှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ တီယိုပိုလီနာ ဟာမူတူမူအာက မိမိတို့ဒေသတွင် အရေးပေါ် အစားအသောက်နှင့် ကယ်ဆယ်ရေးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း ပြောကြားသည်။

လွန်ခဲ့သော သီတင်းပတ်အနည်းငယ်အတွင်းကလည်း ဝန်ကြီးချုပ်ရုံးက စောင်များ၊ ခြင်ထောင်များ၊ မွေ့ရာများ၊ ငါးသေတ္တာဘူးများ၊ ဟင်းချက်ဆီများအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ဒေသသို့ ထောက်ပံ့ပေးခဲ့သည်။

ဆင်ဟွာ

# တရုတ်ခရီးသွား ပထမအဖွဲ့ကို ကမ္ဘောဒီးယားလက်ခံကြိုဆို
# ယခုနှစ်တွင် တရုတ်ခရီးသွား တစ်သန်းခန့် ဝင်ရောက်ရန် ခန့်မှန်းထား

**ဖနောင်ပင် ဖေဖော်ဝါရီ ၇**

ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သုံးနှစ်ကြာ ရပ်နားထားရပြီးနောက် တရုတ်ခရီးသွား ပထမအဖွဲ့ကို ဖေဖော်ဝါရီ ၆ ရက်တွင် လက်ခံကြိုဆိုခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းကိုယ်စားလှယ်တစ်ဦးက ပြောသည်။

တရုတ်နိုင်ငံ တောင်ပိုင်း ရှန်ကျန်းမြို့မှ တရုတ်ခရီးသွား ၁၄၀ ခန့် လိုက်ပါလာသော လေယာဉ်တစ်စင်း ဖနောင်ပင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက ဆင်းသက်လာခဲ့ပြီး ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းတာဝန်ရှိသူများနှင့် ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များက နွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်း ကမ္ဘောဒီးယားခရီးသွားအေးဂျင့်များအသင်း ဥက္ကဋ္ဌ ချဟေး ဆီဗ်လင်းက ပြောသည်။



စီယမ်ရိဒ်ပြည်နယ် အန်းကောဝပ်သို့ ခရီးသွားများ လာရောက်လည်ပတ်မှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

ငါးရက်ကြာ လာရောက်သော အဆိုပါ ခရီးသွားများသည် မြို့တော် ဖနောင်ပင်၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များရှိရာ စီယမ်ရိဒ်ပြည်နယ်နှင့် ကမ်းရိုးတန်းပြည်နယ် ပရားဆီဟန်နော့ခ်တို့သို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ဆီဗ်လင်းက ပြောသည်။ တရုတ်ခရီးသွားများ ပြန်လည် ဝင်ရောက်လာမှုက ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးတွင်အရေးပါကြောင်း ၎င်းကပြောသည်။

ယခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်ခရီးသွား တစ်သန်းဝင်ရောက်ရန် မျှော်လင့်ထားကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်းက ပြောသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံအနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် နှင်းမုန်တိုင်းများကျရောက်နိုင်

**ပေကျင်း ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် နှင်းမုန်တိုင်းများ ကျရောက်နိုင်သည့်အတွက် တရုတ်မိုးလေဝသဌာနက ဖေဖော်ဝါရီ ၇ ရက်က အပြာရောင်သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဖေဖော်ဝါရီ ၇ ရက် ဒေသစံတော်ချိန် ည ၈ နာရီမှ ဖေဖော်ဝါရီ ၈ ရက် ဒေသစံတော်ချိန် ည ၈ နာရီအထိ ပြည်နယ်အဆင့်ဒေသများတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ဂန်ဆု၊ နင်ရှားနှင့် တချို့ဒေသများတွင် နှင်းမုန်တိုင်းများတိုက်ခတ်နိုင်ပြီး နှင်းထုမှာ ၁၀ စင်တီမီတာအထိရောက်ရှိနိုင်ကြောင်း မိုးလေဝသဌာနက ဆက်လက်ကြေညာထားသည်။

ထို့ကြောင့် နှင်းမုန်တိုင်းကျရောက်နိုင်သည့် ဒေသများတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ဒေသဆိုင်ရာအာဏာပိုင်များက အကြံပေးထားသည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၇ ရာခိုင်နှုန်း

**(၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၇၀,၁၁၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၄၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၁၀ | ၂၁၉၀ | ၂၂၉၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၂၉၀၀ |
| 95 Ron | ၂၂၂၀ | ၂၂၇၀ | ၂၂၇၀ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၅ | ၂၂၈၀ | ၂၂၅၅ | ၂၃၅၅ | ၂၃၇၀ | ၂၂၆၀ | ၂၂၈၀ | ၂၃၀၅ | ၂၃၁၀ | ၂၃၁၀ | ၂၅၄၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၇ | ၂၁၂၁ |
| 95 Ron | ၂၁၁၁ | ၂၁၈၆ |
| HSD (500 ppm) | ၂၀၆၈ | ၂၁၃၉ |
| HSD (50 ppm) | ၂၁၄၂ | ၂၂၁၄ |
| HSD (10 ppm) | ၂၁၄၂ | ၂၂၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပင်လုံသစ္စာ ကမ္ဘာတည်သရွေ့ ခိုင်မြဲပါမှ ...

ဒေါက်တာမောင်သင်း

**မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် "ပင်လုံသစ္စာလမ်း" သာ ဖောက်လုပ်နိုင်ခြင်းမရှိခဲ့လျှင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့သည် (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်လာနိုင်ပါ့မလားဟုမြင်ပါသည်။ လွတ်လပ်ရေးမုခ်ဦးကြီးဆီအရောက် ချီတက်နိုင်ဖို့ ပင်လုံမှာ ပြည်ထောင်စုသစ္စာလမ်းမကြီးကို အရင်ဖောက်ခဲ့ရသည်။ ထိုလမ်းကို ရှေးပဝေသဏီကတည်းက သည်မြေမှာနေ၊ သည်ရေကိုအတူသောက်ပြီး ကြီးပြင်းရှင်သန်လာခဲ့သည့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကို သွေးချင်းစိတ်ထားအရင်းခံကာ သံသယကင်းသည့် အပြန်အလှန် ယုံကြည်မှုလေးစားမှုတို့ဖြင့် နောက်မျိုးဆက်များအတွက် လွတ်လပ်ရေးအမွေ ပေးရန် ခင်းခဲ့ကြခြင်းဖြစ်ပေသည်။**

ဤသစ္စာလမ်းကို အရင်ဖောက်ခဲ့နိုင်မှသာ နယ်ချဲ့သွေးခွဲမှုမှကင်းပြီး လွတ်လပ်ရေးမုခ်ဦးကို တည်ဆောက်နိုင်မည်ဆိုသည်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားခေါင်းဆောင်များ သိခဲ့ကြသည်။ သွေးခွဲဝါဒ မှိုင်းမှုံကြားက **"စည်းလုံးညီညွတ်မှုသစ္စာ"** တည်ခဲ့သည်မှာ (၇၆) နှစ်ဆီ လှမ်းတက်ခဲ့ပေပြီ။ လွယ်လွယ်ကူကူတော့မဟုတ်ပေ။ သွေးခွဲမှု မှိုင်းစိုကြားကို တိုင်းရင်းသားခေါင်းဆောင်များ၏ ဉာဏ်ပညာအလင်းဖြင့် ထိုးဖောက်နိုင်ခဲ့ခြင်းကြောင့်ပါ။

၁၉၄၅ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသို့ ပြန်လာသည့် ဘုရင်ခံဒေါ်မန်စမစ်နှင့်အတူ စစ်ပြီးခေတ် မြန်မာနိုင်ငံကို အုပ်ချုပ်ရန် စစ်ရှောင်ဆင်းမလား မြို့၌ ရေးဆွဲခဲ့သည့် "စက္ကူဖြူ စီမံကိန်း" (သို့) "ဆင်းမလားစီမံကိန်း" ကို ယူဆောင်လာပါသည်။ ထိုစီမံကိန်းတွင် "မြန်မာနိုင်ငံထူထောင်ရေးကာလ" ကို ငါးနှစ် (သို့) ခုနစ်နှစ် သတ်မှတ်ထားသည်။ ထိုကာလကုန်ဆုံးမှ လွတ်လပ်သော ပါလီမန် ဖွဲ့စည်းခွင့်ပေးရန် တစ်နည်းအားဖြင့် ငါးနှစ် (သို့မဟုတ်) ခုနစ်နှစ်အတွင်း လွတ်လပ်ရေးမပေးရန် အဆိုပြုခဲ့သည်။

ထို့အပြင် တိုင်းရင်းသားရေးရာနှင့် ပတ်သက်၍ ထိုစီမံကိန်း၏ သတ္တမအချက်တွင် **"မြန်မာနိုင်ငံ အလယ်ပိုင်းမြန်မာလူမျိုးတို့နှင့် ဘာသာစကား၊ ဓလေ့ထုံးစံ၊ နိုင်ငံရေး တိုးတက်မှု အဆင့်အတန်းမတူကြသူတို့ နေထိုင်ရာ ရှမ်းပြည်နယ်မြေများနှင့် လူမျိုးစုတို့ နေထိုင်ရာ တောတောင်ထူထပ်သည့် နိုင်ငံ အစွန်အဖျားဒေသများပါဝင်သည့် ချွင်းချန်နယ်မြေများကိုမူ ထိုလူမျိုးများက မိမိတို့နေထိုင်သောဒေသများကို ပြည်မနှင့် သင့်လျော်သောပုံစံဖြင့်ပူးပေါင်းလိုကြောင်း မိမိတို့ဆန္ဒကို ထုတ်ဖော်ခြင်း မပြုသေးမီအတောအတွင်း ဘုရင်ခံက အထူးစီမံအုပ်ချုပ်ထားရလိမ့်မည်ဖြစ်ကြောင်း"** ပါရှိရာ မြန်မာပြည်မကို မတတ်သာ၍ လွတ်လပ်ရေးပေးလျှင်လည်း တောင်တန်းဒေသကို ချန်ထားမည့် သဘောပင် ဖြစ်သည်။

### အောင်ဆန်း - အက်တလီ စာချုပ်

ပို၍ထင်ရှားသည်မှာ လွတ်လပ်ရေးအတွက် ချုပ်ဆိုသည့် အောင်ဆန်း - အက်တလီ စာချုပ်တွင် "နယ်မြေဒေသများ" ဟူသည့် ခေါင်းစဉ်၌ **"မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းတွဲဖက်ပုံနှင့် ပတ်သက်၍ မိမိတို့၏ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် နောက်လဆန်းတွင် ကျင်းပမည့် ပင်လုံကွန်ဖရင့် (သို့) ဤကိစ္စအတွက်ကျင်းပသော အထူးကွန်ဖရင့်တွင် နယ်ခြားဒေသကိုယ်စားလှယ်များကို မေးမြန်းရမည်ဖြစ်ကြောင်း"** ပါရှိနေခြင်းက ပြည်မနှင့် တောင်တန်းဒေသကို ခွဲခြားသည့် သဘောပါရှိနေပေသည်။



အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုပြီးနောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဒေါ်ချက်စတာဟိုတယ်၌ တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဧည့်သည်တော်များ။



အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုပြီးနောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဒေါ်ချက်စတာဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲမြင်ကွင်း (ရှေ့တန်း ဝဲမှယာ - ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ဗစိန်၊ ဦးတင်ထွဋ်နှင့် ဗြိတိသျှအရာရှိတစ်ဦး)။

တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် လန်ဒန်တွင်လွတ်လပ်ရေးအတွက် အရေးဆိုစဉ်က တောင်တန်းဒေသများအပါအဝင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မည်သည့်ဒေသမှ မကျန်စေလိုသည့် စေတနာအပြည့်ပါ။ သို့သော်လည်း လန်ဒန်တွင် ဆွေးနွေးနေစဉ်ပင် တောင်တန်းမင်းကြီးမစ္စတာ စတီဗင်ဆင်၏ မြှောက်ပေးမှုကြောင့် စော်ဘွားအချို့က "ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်၊ တောင်တန်းနယ်များကိစ္စဆွေးနွေးရန် ရှမ်းပြည် စော်ဘွားများကို သီးသန့်ဖိတ်ကြားပါ" ဟု ကြေးနန်းစာကို လားရှိုးမှ တစ်ဆင့် တိတ်တဆိတ်ပေးပို့ခဲ့သည်။ အဆိုပါ ကြေးနန်းကြောင့် ဗြိတိသျှအစိုးရနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဆွေးနွေးပွဲ မကျေမလည်ဖြစ်ခဲ့ရသည်။

ထိုကြေးနန်းအကြောင်းကို သိရသော ရှမ်းပြည် လွတ်လပ်ရေးအဖွဲ့ဝင် ရှမ်းပြည်လူထုခေါင်းဆောင်များက တောင်ကြီးမြို့၌ လူထုစည်းဝေးပွဲကြီး ကျင်းပ၍ "တောင်တန်းဒေသများသည် မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကိုရယူလိုကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းသားများအတွက်လည်း ပြောပိုင်ခွင့်ရှိကြောင်း ဗိုလ်ချုပ်၏ အဆိုပြုချက်များကို လုံးဝထောက်ခံကြောင်း" ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ချကာ လန်ဒန်သို့ သံကြိုးစာ ပေးပို့ခဲ့သည်။

ထိုသံကြိုးစာရမှသာ လန်ဒန်တွင် လွတ်လပ်ရေးဆွေးနွေးပွဲ ဆက်လက်ကျင်းပနိုင်ခဲ့ကာ "အောင်ဆန်း - အက်တလီ" စာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သော်လည်း အထက်တွင်ဖော်ပြခဲ့သကဲ့သို့ "နောက်လဆန်းတွင် ကျင်းပမည့် ပင်လုံကွန်ဖရင့် သို့မဟုတ် ဤကိစ္စအတွက် ကျင်းပသော အထူးကွန်ဖရင့်တွင် နယ်ခြားဒေသခေါင်းဆောင်ကိုယ်စားလှယ်များကို မေးမြန်းရမည်ဖြစ်ကြောင်း" ဟူ၍ ပါရှိလာခြင်းသည်လည်း စက္ကူဖြူစီမံကိန်းအတိုင်း တောင်တန်းဒေသကို ချန်ထားလိုသည့် သဘောသက်ရောက်နေပေသည်။

### မညီညွတ်မှုကြောင့်

တကယ်တော့ ကျွန်တော်တို့တစ်တွေ ကျွန်ဘဝရောက်ရခြင်းမှာ မညီညွတ်မှုကြောင့် ဖြစ်ပါသည်။ မင်းတုန်းမင်းလက်ထက်တွင် အတ္တစွဲကြီးကြသည့် မင်းညီမင်းသားတို့သည် "မင်းအာဏာ" ကိုသာ အပြိုင်အဆိုင်ရယူလိုသည်၊ အာဏာရရေးသာ စိုင်းပြင်းကြသည်၊ နိုင်ငံ၏အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးကို ကြိုးပမ်းနေသည့် ဦးရီးတော် "ကနောင် မင်းသားကြီး" ကို သတ်ပစ်ကြသည်။ ခေတ်မီလက်နက်ထုတ်လုပ်မည့် မက္ခရာမင်းသားကြီးကိုလည်း အာဏာမက်သူအုပ်စုက လုပ်ကြံခဲ့ကြသည်။ အာဏာမက်သည့် အမိုက်မှောင်က **"အချုပ်အခြာအာဏာရှိသည့် နိုင်ငံရှိမှ၊ မင်းအာဏာရှိမည်"**၊ သို့ဖြစ်၍ နိုင်ငံကို စောင့်ရှောက်ရမည်၊ နိုင်ငံအချုပ်အခြာအာဏာတည်မြဲအောင် ထိန်းသိမ်းရမည်ဟူသည့် ဉာဏ်အလင်းကို ဖုံးလွှမ်းသွားခဲ့သည်။ နောက်ဆုံးတော့အင်အားချည့်နဲ့သည့် ကုန်းဘောင်မင်းဆက်သည် ကျားငစဉ်းလဲ ကိုလိုနီလက်အောက်သို့ရောက်ကာ စည်းလုံးညီညွတ်မှု ကင်းသည့် ဘယ်မင်းညီမင်းသားမှ ရှင်ဘုရင်မဖြစ်ခဲ့၊ တစ်ပါးကျွန်ဘဝသို့ ရောက်ရတာသာ အဖတ်တင်ခဲ့သည်။ နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့သည့် မြန်မာမင်းဆက် ပျက်သုဉ်းခဲ့သည်။ ဤသို့စည်းလုံးမှုပျက်ပြားမှုရအောင် လုပ်ဆောင်ခဲ့ပြီးကျွန်ပြုခဲ့သူတို့သည် ယခုလွတ်လပ်ရေး ပေးခါနီးတွင်လည်း စည်းလုံးမှုပျက်အောင် အမျိုးမျိုးကြံဆောင်ခဲ့ကြသည်။

### စည်းလုံးမှုတန်ဖိုး

ကိုလိုနီနယ်ချဲ့တို့ မေ့နေသည်မှာ "ပင်လုံညီလာခံသို့ တက်ရောက်လာကြသော တိုင်းရင်းသားတို့သည် မြန်မာဘုရင့်သားများ၏ စည်းလုံးမှုကွဲခဲ့သည့် ကိုလိုနီကျွန်ဘဝ၏ ဆိုးမွေဒဏ်ခံခဲ့ရမှုကို ခါးစည်းခံခဲ့ရသဖြင့် စည်းလုံးမှုတန်ဖိုးကို မျိုးဆက်နှင့်ချီ၍ သိခဲ့ကြပေပြီ။ သို့ဖြစ်၍ မင်းညီမင်းသားများကဲ့သို့ အာဏာမမက်၊ စည်းလုံးမှုကိုသာ ခိုင်မြဲစွာဖက်တွယ်၏၊ အမှောင်နှင့်အလင်းကိုသိ၏၊ **"သွေး"** နှင့် **"ရေ"** တန်ဖိုးကွာခြားမှုကို နားလည်၏၊ သွေးစည်းမှုမြဲမှ၊ ကိုလိုနီကျားငစဉ်းလဲ မလာဝံ့တာကို သတ္တိနှင့် ဉာဏ်ပညာဆောင်၍ ကြည့်နိုင်၊ မြင်နိုင်၊ ကာကွယ်နိုင်ခဲ့သည်။ တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှု သတ္တိကို ကိုလိုနီနယ်ချဲ့များ တုန်လှုပ်သွားသည် အထိ ပြခဲ့ကြသည်။ ထိုနေ့ကို **"ပင်လုံသစ္စာပြုသည့်နေ့"** (သို့) **"ပြည်ထောင်စုနေ့"** ဟု မြန်မာ့သမိုင်းတွင် ကမ္ပည်းရေးထိုးနိုင်ခဲ့သည်။

ထိုသို့ ကမ္ပည်းထိုးနိုင်ခဲ့ခြင်းမှာ ထိုစဉ်က တိုင်းရင်းသားခေါင်းဆောင်များသည် အောင်မြင်ခြင်း၏ သော့ချက်က ဘယ်ဟာနှင့် အတု အစစ် ခွဲခြားနိုင်မှုပညာကို ပိုင်ဆိုင်ကြသည်။ ယင်းပညာသည် ဓမ္မနှင့် အဓမ္မကို ပိုင်းခြား၏။ ငြိမ်းချမ်းမှု၊ မငြိမ်းချမ်းမှုကို သိ၏။ သွေးခွဲအဖျက်မှိုင်းကိုကြံ့ကြံ့ခံနိုင်၏။ ပြည်ထောင်စုတိုင်းရင်းသားများက ဘယ်ဟာ **"အနှစ်"**၊ ဘယ်ဟာ **"အကာ"** ကို ကွဲပြားအောင်ကြည့်နိုင်၏။ သို့သော် ဆက်လက်သွေးခွဲ

*စာမျက်နှာ ၁၇ သို့*

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြောင့် ဘိုးစဉ်ဘောင်ဆက်ကောင်းမွေဖြစ်သည့် မြန်မာတို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို လုံးဝအပျက်စီးခံ၍ မဖြစ်ပါ။ မြန်မာပြည်အတွင်းရှိ အင်စတီကျူးရှင်းများ၊ ဝန်ထမ်းများ၊ ပါတီများအကြား၊ မိသားစုအကြား၊ မိတ်ဆွေများအတွင်း မည်သို့သော အခြေအနေကြောင့် သွေးစည်းမှုမပျက်စီးသင့်ပါ။ ကွဲကြ၊ ပြဲကြ၊ ပြိုပျက်ကြခြင်းသည် ပင်လုံသစ္စာကို ဆက်ခံကြသည့် မျိုးဆက်သစ်တိုင်းရင်းသားများ လက်ခံကျင့်သုံးရမည့် ဒီမိုကရေစီ၏အနှစ်သာရမဟုတ်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အရေခြုံသည့် သင်းခွဲသူမျိုးဖျက်များ၏ ဝါဒသာဖြစ်ပါလိမ့်မည်**

✳ **တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသူသည် မွေးရာပါအခွင့်အရေးအဖြစ် အလိုအလျောက် နိုင်ငံသားဖြစ်လာကြသည်။ တိုင်းရင်းသားမှဖြစ်သည့် နိုင်ငံသားဖြစ်ပါသည်။ မွေးရာပါအခွင့်အရေးအရလည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များကြောင့်လည်းကောင်း နိုင်ငံသားများတွင် ထမ်းဆောင်ရမည့် တာဝန်ကတော့ အတူတူပင်ဖြစ်သည်။ ယင်းတို့အနက်မှ အရေးကြီးဆုံးတာဝန်ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရန် ဆက်လက်စွမ်းဆောင်နေရခြင်းပါ။ ထိုအတွက် နောက်မျိုးဆက် တိုင်းရင်းသားအားလုံး မလွဲမသွေထမ်းဆောင်ရန် သတ္တိလည်းရှိရမည်။ ကြောက်စိတ်လည်းရှိရမည်။ ယင်းမှာ "ယခင်မျိုးဆက် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ခိုင်ခိုင်မာမာတည်ဆောက်ခဲ့သည့် ပြည်ထောင်စုကြီးကိုပြိုကွဲအောင် မလုပ်ခြင်း (သို့မဟုတ်) ပြည်ထောင်စုပြိုကွဲရန် အလုပ်မှန်သမျှကို ရှောင်ရှားရဲတဲ့သတ္တိနှင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်တဲ့ သတ္တိများပါ။ ဆိုလိုသည်က မလုပ်သင့်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်ရှောင်ရှားနိုင်သော သတ္တိပါ။ လုပ်သင့်သည့် စည်းလုံးညီညွတ်မှုကို ဆက်ပြီးလုပ်ရမှာလည်း သတ္တိပါပဲ။ ထို့အတူ ခေတ်သမိုင်းက တိုင်းရင်းသားများ၏ ပခုံးပေါ်ကျလာသည့် သမိုင်းပေးတာဝန်ကို မကျေပွန်မှာ ကြောက်တတ်ရမှာလည်း သတ္တိပါပဲ။ အထူးသဖြင့် ပြည်ထောင်စုပြိုကွဲမှာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်သုဉ်းမှာကိုကြောက်တတ် ရပါလိမ့်မည်။ သို့မှသာ လွတ်လပ်ရေး တည်တံ့ပေမည်**

*စာမျက်နှာ ၁၆ မှ*

လိုကြသူ ဗြိတိသျှတို့က နည်းမျိုးစုံခွဲခဲ့ကြ၏။ ဥပမာအားဖြင့် "စက္ကူဖြူစီမံကိန်း" အရ "ကချင်နယ်သည် မြန်မာနိုင်ငံထဲမပါဝင်ဘဲ တစ်သီးတစ်ခြားနေလိုကနေနိုင်ကြောင်း၊ ကချင်အမျိုးသား အဆင့်အတန်းမီအောင်အတွက် မိမိတို့ကထောက်ပံ့ကူညီမည်" စသည်ဖြင့် မြစ်ကြီးနားမြို့တွင် ဘုရင်ခံဆာဒေါမန်စမစ် ကိုယ်တိုင်သွေးခွဲခဲ့သည်။

ထို့အတူ"ကရင်နီနယ် (ယနေ့ကယားပြည်နယ်) ကို အက်ဒီပင်းဒင့်နယ်မြေဖြစ်သည်၊ ဗမာပြည် အဆင့်အတန်း ထက်မြင့်သည်၊ ကိုယ့်ကောင်စီနှင့် ကိုယ်လုပ်နိုင်သည်၊ အင်္ဂလိပ်ထံ ငွေချေး၍ ပြန်လည်ထူထောင်နိုင်သည်" စသည်ဖြင့် တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီး စတီဗင်ဆင်က ခြေထိုး၏၊ တချို့နားယောင်၏၊ သို့သော် ကရင်နီလူထုကိုယ်စားလှယ်များ တတိယအကြိမ် တိုင်းပြုပြည်ပြု လွှတ်တော်တက်ရောက်လာခြင်းက ဗြိတိသျှတို့၏ ကရင်နီပြည်နယ်တွင် သွေးခွဲဓာတ်လမ်းသည် ကျဆုံးမှုဖြင့် အဆုံးသတ်စေခဲ့သည်။

### ပင်လုံသစ္စာ

ပင်လုံတွင် သစ္စာပြုခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်တို့က ဘာလုပ်ရမည်၊ ဘာလုပ်သင့်သည်တို့ကို ကွဲပြားစွာသိ၏။ မလုပ်သင့်တာကဘာဆိုတာလဲ ဉာဏ်ပညာဦးဆောင်ကာ ပိုင်းခြားနိုင်ခဲ့ကြသည်။ ပြီးနောက်လုပ်ရမည့်အလုပ်ကို ရဲရဲတင်းတင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ဆောင်ရွက်နိုင်ခဲ့ကြသည်။

**"ဒီအစည်းအဝေးကြီးမှာ ကျွန်တော်တို့အချင်းချင်းတွေမတည့်အောင် ခြေထိုးခံသူတွေရှိကြောင်းကို သိပါတယ်။ ယင်းသို့ရှိပေမယ့် ကျွန်တော်တို့ "မအ" ကြပါဘူး၊ ကျွန်တော်တို့ လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ်ဆိုတာ ယုံကြည်ပါ"** ဟု ပင်လုံအစည်းအဝေး ဥက္ကဋ္ဌတောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းဆိုင်၏ စကားက သက်သေခံနေပါသည်။ လုပ်သင့်လုပ်ထိုက်သည်ကို နားလည်သဘောပေါက်၍ လုပ်ကြမည်ဆိုသည့် သတ္တိအပြည့်ဖြင့် ပြောဆိုခဲ့သည့်စကားဖြစ်ပါသည်။ တောင်တန်းသည် မြေပြန့်နှင့်အတူ လွတ်လပ်ရေး မဖြစ်မနေယူမှဖြစ်မည်။ ချန်ထားလျှင် တောင်တန်းသားများ ကျွန်သက်ဆက်ရှည်မည်ကို ကြိုတင်၍ ကွဲကွဲပြားပြားမြင်ကြ၏။ ဗြိတိသျှတို့က ဒိုမီနီယံ အဆင့်ကောင်းကြောင်းဖြင့် ထပ်မံသွေးခွဲသေး၏။

ကျွန်ဖြစ်စဉ်က ပြည်မနှင့်အတူတူ အသိမ်းပိုက်ခံ ကျွန်ဘဝရောက်ခဲ့ရ၏။ လွတ်လပ်ရေး ပေးရမည်ဆိုတော့ တောင်တန်းဒေသများကို ချန်နေခဲ့ရန် မဖြစ်နိုင်ပေ။ ဗိုလ်ချုပ်အောင်ဆန်းကလည်း **"လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ၊ မည်သူ့ကိုမျှသူတို့က လာမေးလျှင် တောင်တန်းသားတို့လည်း လွတ်လပ်ရေးကို လိုချင်ကြောင်း၊ ခြောက်လျှင်လည်းမကြောက်ကြနဲ့၊ ချော့လျှင်လည်း မပျော့ကြနဲ့၊ တောင်တန်းသားတို့သည် မြန်မာပြည်မကဲ့သို့ တန်းတူအခွင့်အရေး လိုချင်ကြောင်းပြောရမည်"** ဟု လုပ်သင့်သည့် သွေးစည်းသတ္တိစကားကိုသာ ဆို၏။

တောင်တန်းဒေသကို ချန်ထားမှုကို မလိုချင်၊ အတူလွတ်လပ်ရေးရချင်၏။ ပညာပြည့်ဝကြသည့် ခေါင်းဆောင်ပိုင်းက ဘာလုပ်ရမည်ကို ပြတ်ပြတ်သားသားမြင်၏။ ခွဲခြားနိုင်ခဲ့၏။ ပြီးတော့ လုပ်ဆောင်ခဲ့ကြသည်။ ပင်လုံမြေမှာတိုင်းရင်းသားခေါင်းဆောင်များ သွေးခွဲကိုလိုနီဝါဒကို ရှောင်ရှားနိုင်ခဲ့သည်။ ဒိုမီနီယံအဆင့်ကိုလည်း ဘေးဖယ်ထားခဲ့သည်။ လုံးဝမလိုချင်ပါ။ သတ္တိကင်းသည့် သူမိုက်များ၏ နောက်သို့မလိုက်ခဲ့ကြပေ။ လုပ်သင့်သည်ကို စွဲစွဲမြဲမြဲလုပ်ပြီး၊ မလုပ်သင့်သည်ကို ရဲရဲရင့်ရင့်ရှောင်ကာ တိုင်းရင်းသားခေါင်းဆောင်များ၏ သတ္တိကို ပင်လုံမြေမှာ ထွန်းတောက်ပြောင်မြောက်စွာ ပြသခဲ့ကြသည်။ ထိုသတ္တိသွေးသည် ပင်လုံမျိုးဆက်များသစ်တွင် ရှိ၏၊ အဆိုပါသတ္တိသွေးရှိ၍သာ ၇၆ နှစ်ဆီသို့ ရောက်ခဲ့ရခြင်းပါ။

### အကောင်းမြင်ဝါဒကို အခြေခံ

ယနေ့ ပြည်ထောင်စုတိုင်းရင်းသားများ လက်ခံကျင့်သုံးနေသည့် ဒီမိုကရေစီသည် သွေးခွဲဝါဒ၊ သပ်လျှိုဝါဒနှင့် ပြည်ထောင်စုအလုံးစုံ ပျက်သုဉ်းရေးဝါဒ မဟုတ်ပေ။ အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစေရန်သာ ဦးတည်သည်။ ထို့အတူ တိုင်းရင်းသားများ၏ ပြည်ထောင်စုနှင့် ယဉ်ကျေးမှု၊ ဘာသာတရား ဖျက်ဆီးရန်လည်းမဟုတ်ခဲ့ပေ။ မြန်မာတိုင်းရင်းသားများ၏ လက်ထဲမှအဆိုပါ ကျင့်စဉ်သည် အကောင်းမြင်ဝါဒကို အခြေခံ၏။ ပြည်ထောင်စုငြိမ်းချမ်းမှုကို ပေးစွမ်းသည့်ဓမ္မလွှမ်းရန် ဖြစ်ပေသည်။ အဓမ္မနှင့် ဆူပူမှု၊ သွေးခွဲမှု ချုပ်ငြိမ်းစေရန်ဖြစ်သည်။ တိုင်းရင်းသားများ၏ ရှိပြီးသားစည်းလုံးမှု၊ ညီညွတ်မှုကို ပိုမိုခိုင်မာစေရန်ဖြစ်သည်။

ဒီမိုကရေစီသည် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းအတွက် ကျင့်သုံးရမည့် ကန့်သတ်ဘောင်ရှိ၏။ စည်းကမ်းရှိ၏။ စည်းမဲ့ကမ်းမဲ့၊ ဥပဒေမဲ့ မဟုတ်ပေ။ ဥပဒေဘောင်အတွင်းက ဖြစ်၏။ တိုင်းရင်းသားမျိုးဆက်သစ်များ၏ အိမ်မှာ၊ ကျောင်းမှာ၊ ရပ်ထဲ၊ ရွာထဲ၊ လုပ်ငန်းခွင်၊ အဖွဲ့အစည်းအတွင်း ဒီမိုကရေစီကို ကျင့်သုံးလျှင် မြန်မာတိုင်းရင်းသားလူ့အဖွဲ့အစည်းက လက်ခံထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် ဥပဒေဘောင်အတွင်းကသာ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးဆောင်ရွက်ရပေမည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြောင့် ဘိုးစဉ်ဘောင်ဆက်ကောင်းမွေဖြစ်သည့် မြန်မာတို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို လုံးဝအပျက်စီးခံ၍ မဖြစ်ပါ။ မြန်မာပြည်အတွင်းရှိ အင်စတီကျူးရှင်းများ၊ ဝန်ထမ်းများ၊ ပါတီများအကြား၊ မိသားစုအကြား၊ မိတ်ဆွေများအတွင်း မည်သို့သော အခြေအနေကြောင့် သွေးစည်းမှုမပျက်စီးသင့်ပါ။ ကွဲကြ၊ ပြဲကြ၊ ပြိုပျက်ကြခြင်းသည် ပင်လုံသစ္စာကို ဆက်ခံကြသည့် မျိုးဆက်သစ်တိုင်းရင်းသားများ လက်ခံကျင့်သုံးရမည့် ဒီမိုကရေစီ၏အနှစ်သာရ မဟုတ်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အရေခြုံသည့် သင်းခွဲသူမျိုးဖျက်များ၏ ဝါဒသာဖြစ်ပါလိမ့်မည်။**

မြန်မာတိုင်းရင်းသားများအနေဖြင့် ဘိုးစဉ်ဘောင်ဆက် ခိုင်မြဲလာသည့် ရွှေမှန်ကင်းအစစ် "တစ်အူထုံ့ဆင်း ညီရင်းမောင်နှမစိတ်ထား" (National Spirit) ဆိုတာက "ဒီမိုကရေစီ" နှင့် "လူ့အခွင့်အရေး" ဆိုသည်ထက် မနှိုင်းယှဉ်အပ်အောင် မြင့်မားကြောင်း ပညာဉာဏ်မြင့်ကြသူတိုင်း မြင်တတ်ဖို့လိုပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ပင်လုံမျိုးဆက် တိုင်းရင်းသားလူတော်လူကောင်းစစ်စစ် (Good Citizen) များက ပြည်ထောင်စုငြိမ်းချမ်းမှု၊ စည်းလုံးမှုနှင့် မြန်မာ့လူ့ဘောင်ဖွံ့ဖြိုးမှုအတွက်သာ အသုံးချရပါလိမ့်မည်။ လက်တွေ့လည်း ကျင့်သုံးနေပေသည်။

### တန်ဖိုးမဲ့သွေးခွဲဝါဒီ

တန်ဖိုးမဲ့သွေးခွဲဝါဒီ ကိုလိုနီလက်သစ်များကတော့ ခေတ်၏သည်းခြေကြိုက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို သပ်လျှိုဆောင်ပုဒ်အဖြစ်သုံးကာ ပင်လုံအခြေပြု စည်းလုံးညီညွတ်မှု သစ္စာကိုယိုင်နဲ့အောင် လုပ်သည်ကို ဉာဏ်ဖြင့်မြင်အောင်ကြည့်ရပါလိမ့်မည်။ ရွှေမှန်ကင်းအစစ်ကို ထင်းဖြစ်အောင် လုပ်ကာ တိုင်းရင်းသားများ၏ ရတနာအစစ် "လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် စည်းလုံးညီညွတ်မှု" တို့ကိုပြာဖြစ်အောင် မီးရှို့ခံ၍ မဖြစ်ပါ။ ခေတ်သစ်မြန်မာ့သမိုင်း၏ စိန်ရတုကို တစ်နှစ်ကျော်ခဲ့သည့် "တစ်အူထုံ့ဆင်း ညီရင်းမောင်နှမစိတ်ဓာတ်" ပျက်ယွင်းသည်အထိ မင်းသားခေါင်းမျက်နှာဖုံးကိုတပ်ကာ သွေးခွဲဘီလူး၊ ခေတ်သစ်ကိုလိုနီဝါဒသမားများက ဖျက်ကြနေဆဲပါ၊ ဒါကိုပညာသတိဖြင့် တွန်းလှန်ရပါလိမ့်မည်။ အပေါ်ယံမင်းသား မျက်နှာဖုံးကို နှစ်သက်မှုမပြုကြပါနှင့်။ ကြိုက်မိလျှင် မျက်နှာဖုံးအောက်က နယ်ချဲ့ဘီလူး၏ အစားခံ၊ အဝါးခံရပါလိမ့်မည်။ အကာနှင့်အနှစ်၊ အတုနှင့်အစစ်ကို ခွဲခြားနိုင်သည့် ပြည်ထောင်စု တိုင်းရင်းသားများအနေဖြင့် ဉာဏ်ပညာဖြင့်ယှဉ်သည့် သတ္တိရှိရမည်။ ပညာဉာဏ်ဖြင့် "ပင်လုံသစ္စာ" ခိုင်မြဲအောင် ချွန်းအုပ်နိုင်ရမည်။

**တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသူသည် မွေးရာပါအခွင့်အရေးအဖြစ် အလိုအလျောက် နိုင်ငံသားဖြစ်လာကြသည်။ တိုင်းရင်းသားမှဖြစ်သည့် နိုင်ငံသားဖြစ်ပါသည်။ မွေးရာပါအခွင့်အရေးအရလည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များကြောင့်လည်းကောင်း နိုင်ငံသားများတွင် ထမ်းဆောင်ရမည့် တာဝန်ကတော့ အတူတူပင်ဖြစ်သည်။ ယင်းတို့အနက်မှ အရေးကြီးဆုံးတာဝန်ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရန် ဆက်လက်စွမ်းဆောင်နေရခြင်းပါ။ ထိုအတွက် နောက်မျိုးဆက် တိုင်းရင်းသားအားလုံး မလွဲမသွေ ထမ်းဆောင်ရန် သတ္တိလည်းရှိရမည်။ ကြောက်စိတ်လည်းရှိရမည်။ ယင်းမှာ "ယခင်မျိုးဆက် တိုင်းရင်းသား ခေါင်းဆောင်ကြီးများ ခိုင်ခိုင်မာမာ တည်ဆောက်ခဲ့သည့် ပြည်ထောင်စုကြီးကိုပြိုကွဲအောင်မလုပ်ခြင်း (သို့မဟုတ်) ပြည်ထောင်စုပြိုကွဲရန် အလုပ်မှန်သမျှကို ရှောင်ရှားရဲတဲ့သတ္တိနှင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်တဲ့ သတ္တိများပါ။ ဆိုလိုသည်က မလုပ်သင့်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်ရှောင်ရှားနိုင်သော သတ္တိပါ။ လုပ်သင့်သည့် စည်းလုံးညီညွတ်မှုကို ဆက်ပြီးလုပ်ရမှာလည်း သတ္တိပါပဲ။ ထို့အတူ ခေတ်သမိုင်းက တိုင်းရင်းသားများ၏ ပခုံးပေါ်ကျလာသည့်သမိုင်းပေးတာဝန်ကို မကျေပွန်မှာ ကြောက်တတ်ရမှာလည်း သတ္တိပါပဲ။ အထူးသဖြင့် ပြည်ထောင်စုပြိုကွဲမှာနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်သုဉ်းမှာကိုကြောက်တတ်ရပါလိမ့်မည်။ သို့မှသာ လွတ်လပ်ရေးတည်တံ့ပေမည်။**

ပင်လုံဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ဉာဏ်ပညာနှင့်ယှဉ်၍ လုပ်သင့်လုပ်ထိုက်တာနှင့် မလုပ်သင့်မလုပ်ထိုက်တာကို ကွဲကွဲပြားပြားမြင်အောင် ကြည့်နိုင်ခဲ့သည်။ လက်မရွံ့ဘဲ လုပ်သင့်သည့် စည်းလုံးမှုကိုလုပ်ခဲ့ကာ သမိုင်းတွင် မော်ကွန်းရေးထိုးခဲ့ကြသည်။ မလုပ်သင့် မလုပ်အပ်သည့် သွေးခွဲမှုကို ဦးဆောင်နေသည့် ပညာမဲ့များနောက်သို့ ခြေဦးမလှည့်ခဲ့ပေ။ ဉာဏ်ပညာဦးဆောင်မှုဖြင့် ဆောင်ရွက်မှု (သို့မဟုတ်) ပင်လုံသတ္တိ၏ ပထမဆုံးရလဒ်ကား "ပြည်ထောင်စု သွေးစည်းမှု" နှင့် ယင်း၏ နောက်ဆက်တွဲရလဒ်ကား တိုင်းရင်းသားအားလုံး၏ **"ပြည်ထောင်စုလွတ်လပ်ရေး"** ပင်ဖြစ်ပါသည်။ ပင်လုံသစ္စာအခြေခိုင်၍ လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံဟု ကမ္ဘာ့အလယ် ဝင့်ထည်ခဲ့သည်မှာ (၇၅) နှစ်မြောက် တိုင်ခဲ့ပါပြီ။

### ပင်လုံမျိုးဆက် တာဝန်ကျေရန်

ယနေ့မြန်မာ တိုင်းရင်းသားမျိုးဆက်များအနေဖြင့် "စောင့်လေမျိုးနွယ်" တာဝန်ကို မဖြစ်မနေထမ်းဆောင်ရပါမည်။ ပင်လုံမျိုးဆက်များပီပီ ပင်လုံတိုင်းရင်းသားခေါင်းဆောင်များ၏ "သစ္စာ" ကို မျိုးဆက်အမွေအဖြစ် ဆက်ခံစောင့်ထိန်းရပါမည်။ ထိုကောင်းမွေကို ဆက်ခံနိုင်ရန် ဉာဏ်ပညာဖြင့် ယှဉ်သည့် သတ္တိပိုင်ရှင်များဖြစ်ရမည်။ ပင်လုံမျိုးဆက်သတ္တိ ပိုင်ရှင်များအတွက် ခေတ်သမိုင်းက ပခုံးပေါ်တင်ပေးသည့်တာဝန်ကား "ပြည်ထောင်စု သွေးစည်းခိုင်မြဲမှု" (သို့) "ပင်လုံသစ္စာ" ကို တည်တံ့အောင်ဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။ အဆိုပါတာဝန်ကို မည်သည့်အရာနှင့်မျှ မလဲနိုင်သည့် သတ္တိပိုင်ရှင်များ ဖြစ်ရပါမည်။ ပင်လုံမျိုးဆက်တာဝန်ကျေရန်အတွက် သွေးစည်းမှုကို ဖြိုခွဲသူများ၏ အရေခြုံထားမှုများကိုလည်း ပညာနှင့်ယှဉ်၍ မြင်အောင်ကြည့်နိုင်သူများ ဖြစ်ရပေမည်။

ထို့အတူ ပြည်ထောင်စုပြိုကွဲမှာကို စိုးရိမ်စိတ်ကြီးသူ၊ ထိုတာဝန်ကိုမကျေပွန်မှာ ကြောက်တတ်ပြီး ကာကွယ်နိုင်သည့်ပညာနှင့် ယှဉ်သည့် သတ္တိပိုင်ရှင်များလည်း ဖြစ်ရပေမည်။ ပြီးလျှင် ပြတ်သားစွာ ပြည်ထောင်စုနှင့် တိုင်းရင်းသားစည်းလုံးမှုကို ဖြိုခွဲမည့်မျိုးဖျက်များကို တိုက်ထုတ်နိုင်ရပေလိမ့်မည်။ သို့မှသာ ပင်လုံမျိုးဆက်ပီသကာ ပြည်ထောင်စုကို တည်တံ့ခိုင်မြဲအောင်နှင့် ဖွံ့ဖြိုးအောင်ဆက်လက်ထိန်းသိမ်းပေလိမ့်မည်။ ဤကဲ့သို့ သတ္တိမျိုးကို ပင်လုံမျိုးဆက်များ ပိုင်ဆိုင်ကြပြီဆိုလျှင် **"သွေးစည်းမှု ပင်လုံသစ္စာ"** သည်လည်း စိန်ရတုပေါင်းများစွာဆီသို့ ပျော်ရွှင်ငြိမ်းချမ်းစွာ ဆက်လက်ချီတက်နေအုံးမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# လားရှိုးမြို့၌ (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**လားရှိုး ဖေဖော်ဝါရီ ၇**

(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီပရိဝုဏ်အတွင်းရှိဆင်း ရွှေလီကဇာတ်ရုံ၌ ကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်း/မြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်က ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံမှ ပေးပို့သော ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းပေါင်းစုံ ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဂုဏ်ဆောင်နှင့် တက္ကသိုလ်ဂုဏ်ဆောင် စံပြကျောင်းသား လူငယ်များ၊ နည်းပြများ၊ မြို့အကျိုးဆောင်ဂုဏ်ပြုမှတ်တမ်းရရှိသူများ၊ စီမံထူးချွန်တံဆိပ်(ပထမအဆင့်) ရရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ကြသည်။

**အကအဖွဲ့များဖျော်ဖြေ**

ယင်းနောက် ရှမ်း၊ မြောင်ဇီး၊ လီဆူ၊ ပလောင်၊ လားဟူယဉ်ကျေးမှု အကအဖွဲ့များဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းရင်းသားယဉ်ကျေးမှုပြခန်းနှင့် အစားအစာပြခန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာများဖြင့် စတုဒိသာ ကျွေးမွေးဧည့်ခံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားများကျင်းပ

**ညောင်ရွှေ**

(၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှပေးပို့သည့် (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာလင်းက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး ထွန်းကိုကိုလတ်က ဖတ်ကြားသည်။ ထို့နောက် ရှမ်း၊ အင်းသား၊ ပအိုဝ်း၊ တောင်ရိုး စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

နေမျိုးသူရိန်

**မိုင်းယန်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့၌ (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့လာသော (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံမှ ပေးပို့သည့် (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ဖတ်ကြားသည်။ အခမ်းအနားသို့ တက်ရောက်လာသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ထုတ်ဝေသော (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ထွန်းထွန်းထူး

**နမ့်စန်(တ)**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က အမှတ်(၂) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက ဖတ်ကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးက ဖတ်ကြားသည်။ ဆက်လက်၍ တိုင်းရင်းသား တိုင်းရင်းသူများက ရှမ်းရိုးရာအကအလှများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ




(ပုံ-၁)

ရွာသွန်းခဲ့သော မိုးရေနမူနာ၏ pH တန်ဖိုး

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁။ | ကော့သောင်း | ၇.၁ |

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်း လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးနှင့် မိုးရေ၏ Electric Conductivity – EC များကို တိုင်းတာသည့် စခန်း ၄၁ ခုအနက် ကော့သောင်းစခန်းတွင်သာ မိုးရွာသွန်းခဲ့ပြီး ကျန်စခန်းများတွင် မိုးရွာသွန်းခဲ့ခြင်း မရှိဘဲ ကော့သောင်းစခန်းတွင် ရွာသွန်းခဲ့သောမိုးရေ၏ pH တန်ဖိုးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် ကော့သောင်းစခန်း၌ ရွာသွန်းခဲ့သော မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရသည်။

(ပုံ-၂)

ပုံ(၂)၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ PH တန်ဖိုးပြပုံ




(ပုံ-၂)

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်းသို့ ပထမဆုံးအကြိမ် တင်သွင်းရောက်ရှိလာသည့် လျှပ်စစ်သုံးမော်တော်ယာဉ်များအား ဓာတ်အား (Charging) ပြန်လည်ဖြည့်သွင်းနိုင်ရန် ရန်ကုန် - မန္တလေး အမြန်လမ်းပေါ်ရှိ အမှတ်(၃) တိုးဂိတ်၊ ဖြူး ယာဉ်ရပ်နားစခန်း၊ နေပြည်တော်လမ်းဆုံ ယာဉ်ရပ်နားစခန်းတို့တွင် Charging Station များ တည်ဆောက်နိုင်ရေးအတွက် Earth Renewable Energy ကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် EV Charger 60 kW ငါးစုံနှင့် 200 kW နှစ်စုံ စုစုပေါင်းခုနစ်စုံတို့သည် MITT ဆိပ်ကမ်းသို့ ၁-၂-၂၀၂၃ ရက်တွင် ရောက်ရှိပြီး ၃-၂-၂၀၂၃ ရက်တွင် Import Declaration ဖွင့်လှစ်၍ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



## ကင်းလွတ်ခွင့်ပေးထား

Import Declaration ဖွင့်လှစ်ဆောင်ရွက်ခဲ့သော လျှပ်စစ်သုံးယာဉ် Charger များအား ၇-၂-၂၀၂၃ ရက်တွင် MITT ဆိပ်ကမ်း၌ အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့ဖြင့် သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာပါ အချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခဲ့ပြီး မှန်ကန်မှုရှိပါသဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ၇-၂-၂၀၂၃ ရက်နေ့တွင် ထုတ်ယူခွင့်ပေးခဲ့ကြောင်းနှင့် အဆိုပါ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပေးထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၂-၂၀၂၃ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ တေဇဂ္ဂသုတ်၊အဋ္ဌနာဋိယကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ "ရှုကြည့်စေချင် ရှုရားနိုင်ငံတစ်ခွင်" (အပိုင်း-၂)
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘက်
- ၀၉:၂၀ ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်း
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၁၀ ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် "ဆံရစ်ဝိုင်းတို့ကွန်းဒိုရာဌာနေ"
- ၁၁:၁၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၀၀ သီချင်းကြီးပဒေသာ
- ၁၂:၁၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ယုံကြည်ရာလမ်း" (အပိုင်း-၂)
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား
- ၁၇:၁၅ ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် "မြန်မာ့သနပ်ခါး"
- ၁၇:၁၀ ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်း
- ၁၇:၄၅ ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် "စည်းလုံးခြင်းသည်အင်အား"
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ နိပါတ်တော်လာဇာတ်သဘင်မဟာ "စိတ္တကေသီ"
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝန်းရန့်လွှင့်ပျံ့အမှုန်း" (အပိုင်း-၆၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု ဇာတ်လမ်း "မိုးမြေသက်သေ တို့သွေးချင်းတွေ" (အပိုင်း-၁+၂)
- ၂၂:၂၀ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ(ကွက်စိပ်ပြိုင်ပွဲ) (တတိယဆု) 'မဟောသထဇာတ်' (ဦးမြင့်ငွေး) (ရန်ကုန်တိုင်းဒေသကြီး)

### mitv

- 07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- 07:08 Kayah Traditional Dance
- 07:22 The Eel Business
- 07:38 Discovering Tribes: Taikhamti (or) Khamti Shan
- 08:01 News
- 08:28 Travelogue: To the coastal region (Myeik - Kawthoung) (Part-2)
- 08:44 Attractions around Hopong Hill Station
- 08:51 Wet Markets of Yangon: Thirimingalar Market
- 09:01 The Rising Glory Of Myanmar Arts
- 09:30 Betel Nut Farmer
- 10:01 News
- 10:26 Topical Topics (No.35) Create Happy and smooth trips for travellers
- 10:33 The Man and The Elephant (Part-I)
- 10:50 Kabyar Wa Beach
- 11:02 Dengue Fever

### MRTV NRC

- ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀) ကြက်သားတုံးကြော်
- ချင်း (ဒျိုး) (၀၇:၀၀ မှ ၀၈:၀၀) တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်
- မွန် (၀၈:၀၀ မှ ၁၀:၀၀) မွန်ယဉ်ကျေးမှုပြတိုက်
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) အရသာကျော်မော်ခေါက်ဆွဲကဘားကြော်
- ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၂)
- 'ဝ' (၁၄:၀၀ မှ ၁၆:၀၀) 'ဝ' နှစ်သစ်ကူးပွဲတော်
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ ဆိုရိုးစကားများ (အပိုင်း-၁)
- ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀) သံတောင်မြို့အလှနှင့် ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့ဘဝ
- အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) စီးပွားဖြစ်တဲ့ပီလောပီနံ
- အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) တလာခူးရွာသို့အလည်သွားကြရအောင်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၉:၄၅ "(၆၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲ"
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၁၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်အလံ
- ၀၉:၁၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အာဟာရ"
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၁၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၈)
- ၁၁:၀၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး အကြောင်း
- ၁၁:၁၀ "အတွေးအမြင်" (အပိုင်း-၈)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၅၀ စိုက်ပျိုးရေးကဏ္ဍအားထားရာ စပါးနှင့် ဝန်လျှော့သုတေသနပါ
- ၀၇:၂၀ ဝါးမှသည်ငွေ
- ၀၇:၄၀ တစ်ပိုင်တစ်နိုင်ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း
- ၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၈:၅၀ မြကျောက်သရက်တို့ရှင်သန်ရာမြေ
- ၀၉:၄၅ မျိုးနှင်းများကြားတောင်ပေါ်မြို့ဆီမှ ကွင်းသရုပ်ပြပွဲ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၁၀ Soccer View/ Weekly Sports Info/ Sports Diary
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၂-၂၀၂၃

### ရွှေ

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၂၀၆၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၂၀၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၇၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၇၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၆၅ ကျပ် | ၂၃၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၇၅ ကျပ် | ၂၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၄၀ ကျပ် | ၂၁၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၅၃၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၂ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၈ . ၀၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၉ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၅၀၀ | ၆၃၀ | ၅၃၅၅၃၀၀ |
| MTSH | ၃၃၀၀ | ၃၂၅၀ | ၉၄၀ | ၃၀၆၅၅၅၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁၀၃ | ၇၇၂၅၀၀ |
| FPB | ၂၂၀၀ | ၂၂၀၀ | ၂၄၃၂ | ၅၃၆၀၄၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁၅ | ၃၈၂၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၀ | ၅၄၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၈၇ | ၉၁၆၃၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အဏ္ဏဝါဂေဟစနစ် ဖွံ့ဖြိုးရေးအတွက် များစွာအရေးပါသည့် အပြာရောင်စီးပွားရေးစနစ်

**အဏ္ဏဝါ ပလတ်စတစ်ညစ်ညမ်းမှုသည် ၁၉၈၀ ပြည့်နှစ်မှစ၍ ဆယ်ဆတိုးလာခဲ့ပြီးပင်လယ်လိပ် ၈၆ ရာခိုင်နှုန်း၊ ပင်လယ်ငှက် ၄၄ ရာခိုင်နှုန်းနှင့် ရေနေနို့တိုက်သတ္တဝါ ၄၃ ရာခိုင်နှုန်းတို့အပါအဝင် တိရစ္ဆာန်မျိုးစိတ် ၂၆၇ မျိုးထက်မနည်းကို ထိခိုက်စေခဲ့ကြောင်း ဇီဝမျိုးကွဲစုံလင်မှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုဆိုင်ရာ အစိုးရများသိပ္ပံမူဝါဒအဖွဲ့ (IPBES)၏ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများဆိုင်ရာ အကဲဖြတ်မှု အစီရင်ခံစာတွင် ဖော်ပြထား**

မြန်လင်းမောင်

လက်ရှိကမ္ဘာပေါ်၌ ငါးအလွန်အကျွံငါးဖမ်းခြင်း၊ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့၏ ခြိမ်းခြောက်မှုအောက်တွင် အဏ္ဏဝါဂေဟစနစ်များကို ကယ်တင်နိုင်ရန်အတွက် ရှစ်ရာခိုင်နှုန်းသာရှိသည့် အဏ္ဏဝါထိန်းသိမ်းရေးဧရိယာများကို လာမည့် ၁၀ နှစ်ခန့်အတွင်း ၃၀ ရာခိုင်နှုန်းအထိ တိုးတက်လာစေရေးအတွက် မည်သို့ဆောင်ရွက်ရမည်ဆိုသည့်အချက်ကို ဖော်ထုတ်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၃ ရက်က စတင်ကျင်းပလျက်ရှိသည့် ကနေဒါနိုင်ငံရှိ ကမ္ဘာလုံးဆိုင်ရာဖိုရမ်တွင် အဓိကထားဆွေးနွေးလျက်ရှိသည်။

မွန်ထရီရယ်မြို့၌ ကျင်းပခဲ့သည့် COP15 တွင် ကမ္ဘာ့ခေါင်းဆောင်များ သဘောတူလက်မှတ် ရေးထိုးခဲ့သည့် သမိုင်းဝင်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ သဘောတူညီချက်အပေါ် အစိုးရတာဝန်ရှိသူများ၊ သိပ္ပံပညာရှင်များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းသားအဖွဲ့ ၃၀၀၀ တို့သည် ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကနေဒါနိုင်ငံ ဗန်ကူးဗား၌ ကျင်းပလျက်ရှိသည့် ပဉ္စမအကြိမ်မြောက် နိုင်ငံတကာ ပင်လယ်ရေကြောင်း ထိန်းသိမ်းရေးနယ်မြေများဆိုင်ရာညီလာခံ (IMPAC5) တွင် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။



### စိန်ခေါ်မှုကြီးမား

ကုလသမဂ္ဂဇီဝမျိုးစုံ မျိုးကွဲများဆိုင်ရာညီလာခံ (COP15) တွင် သဘောတူညီထားသည့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာမြေနှင့် သမုဒ္ဒရာများ၏ ၃၀ ရာခိုင်နှုန်းကို ကာကွယ်နိုင်ရေးပန်းတိုင်သို့ ရောက်ရှိရန် မူဘောင်တစ်ခု ချမှတ်နိုင်ရေး အရေးကြီးသည်ဟု သိပ္ပံပညာရှင်များက တောင်းဆိုထားသည်။ အရေးကြီးသော ဂေဟစနစ်များနှင့် မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် အကန့်အသတ်မဲ့ သမုဒ္ဒရာများ၏ ဧရိယာလေးပုံ တစ်ပုံကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် စိန်ခေါ်မှုကြီးမားလှသည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

ကမ္ဘာ့မျက်နှာပြင်၏ လေးပုံသုံးပုံနီးပါးကို လွှမ်းခြုံထားသည့် ပင်လယ်သမုဒ္ဒရာများသည် ဇီဝမျိုးစုံမျိုးကွဲ မျိုးစိတ်များ၏ လေးပုံတစ်ပုံခန့် နေထိုင်ကြပြီး လူသားများကြောင့် ထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု၏ ၃၀ ရာခိုင်နှုန်းကို စုပ်ယူပေးလျက်ရှိသည်။ အထူးသဖြင့် သမုဒ္ဒရာများကို ပိုမိုရေရှည်တည်တံ့စွာ ကာကွယ်ထိန်းသိမ်းခြင်းသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေမည့်အပြင် ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးနှင့် ကမ္ဘာကြီးပူနွေးလာမှုကို ကန့်သတ်နိုင်ရန်အတွက်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

### ဟန်ချက်ညီ ထိန်းသိမ်းကာကွယ်

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုတို့သည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို အကာအကွယ်ပေးခြင်းနှင့် ဟန်ချက်ညီပါသည်။ သမုဒ္ဒရာနှင့် ကမ်းရိုးတန်း အရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုခြင်းဖြင့် အစိုးရများနှင့် ရပ်ရွာလူထုများသည် အနာဂတ်မျိုးဆက်များအတွက် မတူကွဲပြားသော သာယာဝပြောသည့် စီးပွားရေးအဆောက်အအုံတစ်ခုကို ရရှိနိုင်မည်ဖြစ်သည်။ ပင်လယ်သမုဒ္ဒရာဂေဟစနစ်များကို ဟန်ချက်ညီ ထိန်းသိမ်းကာကွယ်နိုင်ခြင်းအားဖြင့် ရရှိမည့် အကျိုးကျေးဇူးများမှာ ပိုမိုပေါများသည့် ငါးသယံဇာတများ ရရှိလာစေခြင်း၊ ငါးဖမ်းခြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုသည့်လုပ်ငန်းများ တိုးတက်လာခြင်း၊ ပိုမိုကျန်းမာသော ပင်လယ်ရေအောက်သဘာဝပတ်ဝန်းကျင်ကို ဖြစ်ပေါ်လာစေခြင်း၊ ဂေဟစနစ်ခံနိုင်ရည်ကို မြှင့်တင်ပေးခြင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ပိုမိုအခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတကာအစိုးရများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများကို ပံ့ပိုးပေးသည့် အရေးကြီးသောဂေဟစနစ်များကို နှောင့်ယှက်ဖျက်ဆီးနေသည့် လုပ်ဆောင်မှုများကို တားမြစ်ရမည်ဖြစ်ကြောင်း သမုဒ္ဒရာရေနက်ပိုင်း ထိန်းသိမ်းရေး မဟာမိတ်အဖွဲ့၏ ညွှန်ကြားရေးမှူး ဆိုင်ယန်အိုဝင်က တောင်းဆိုလိုက်သည်။

### အမှိုက်သဟဲပြု

လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်တစ်သန်းကို မျိုးသုဉ်းရန် တွန်းအားပေးနေသော်လည်း ကမ္ဘာ့ဂျီဒီပီ၏ ထက်ဝက်ကျော်သည် သဘာဝအရင်းအမြစ်များအပေါ်တွင် အမှီသဟဲပြုနေကြရသည်။ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာစနစ်သည် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်း၏ အဓိကမောင်းနှင်အားဖြစ်ပြီး စိုက်ပျိုးရေးတစ်ခုတည်းတွင် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် မျိုးစိတ် ၂၈၀၀၀ ၏ ၈၅ ရာခိုင်နှုန်းကျော်ကို ခြိမ်းခြောက်နေကြောင်း၊ ထို့အတူ အဏ္ဏဝါပလတ်စတစ်ညစ်ညမ်းမှုသည် ၁၉၈၀ ပြည့်နှစ်မှစ၍ ဆယ်ဆတိုးလာခဲ့ပြီး ပင်လယ်လိပ် ၈၆ ရာခိုင်နှုန်း၊ ပင်လယ်ငှက် ၄၄ ရာခိုင်နှုန်းနှင့် ရေနေနို့တိုက်သတ္တဝါ ၄၃ ရာခိုင်နှုန်းတို့အပါအဝင် တိရစ္ဆာန်မျိုးစိတ် ၂၆၇ မျိုးထက်မနည်းကို ထိခိုက်စေခဲ့ကြောင်း ဇီဝမျိုးကွဲစုံလင်မှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုဆိုင်ရာ အစိုးရများသိပ္ပံမူဝါဒအဖွဲ့ (IPBES)၏ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများဆိုင်ရာ အကဲဖြတ်မှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

### အပြာရောင်စီးပွားရေး

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၂၀၃၀ ပြည့်နှစ် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် (၁၇) ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများက အပြာရောင်စီးပွားရေး (Blue Economy) သဘောတရားများ ဖော်ထုတ်ဆောင်ရွက်လာခဲ့ပြီး ဒေသတွင်းမိတ်ဖက်နိုင်ငံများ၌လည်း အကောင်အထည်ဖော်ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရသည်။ အပြာရောင် စီးပွားရေး (Blue Economy) သည် ပင်လယ်၊ သမုဒ္ဒရာနှင့် သက်ဆိုင်သော စီးပွားရေးဖွံ့ဖြိုးမှုသက်သက်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့ရေး၊ ပင်လယ်သမုဒ္ဒရာ ဂေဟစနစ် တည်ငြိမ်ရေး၊ ပင်လယ်များနှင့် ထိစပ်လျက်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

လက်ရှိအချိန်တွင် အဏ္ဏဝါဇီဝ မျိုးစုံမျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ ငါးပုစွန်ရေထွက်သယံဇာတများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည်။ ယင်း၏ အကျိုးဆက်အနေဖြင့် စားနပ်ရိက္ခာလုံခြုံမှုလျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်လာခြင်းကို ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ပင်လယ်အတွင်း ပလတ်စတစ်အမှိုက်များ၊ လျှပ်စစ်စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးစွန့်ပစ်ပစ္စည်းများ ထိန်းချုပ်နိုင်ရေးစသည့် စိန်ခေါ်မှုများကို ထိထိရောက်ရောက် ဖြေရှင်း ဆောင်ရွက်သွားရန်အတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရမည်ဖြစ်သည်။


ကိုးကား -

(၁) Protecting 30 percent of oceans a huge challenge for the planet

(၂) https://www.unep.org/news-and-stories/story/5-key-drivers-nature-crisis

(၃) https://infosheet.org/mm/node/3374

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုးတားလေးကျေးရွာရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများအတွင်း ဝင်ရောက်အခြေပြု၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဧရာဝတီ မြစ်ကမ်းနံဘေးရှိ မိုးတားလေးကျေးရွာရှိဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့် စာသင်ကျောင်းများအတွင်းသို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၇ ရက်မှစ၍ အခိုင်အမာဝင်ရောက်နေထိုင်ကာ ဧရာဝတီမြစ်တစ်လျှောက် သွားလာသည့် စက်လှေငယ်များနှင့် ရေလုပ်ငန်းဆောင်ရွက်သူများအား လည်းကောင်း၊ ရွှေကူ၊ မြို့လှ၊ ကသာ လမ်းကြောင်းပေါ်ရှိ ကျေးရွာများမှ ပြည်သူလူထုများအားလည်းကောင်း၊ အဓမ္မတားဆီးစစ်ဆေးခြင်း၊ ဆက်ကြေးကောက်ခြင်းနှင့် ဒလန်စွပ်စွဲ၍ သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြောင်း အကြမ်းဖက်မှုကို ဆန့်ကျင်လိုသည့် ဒေသခံပြည်သူများက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက် သတင်းပို့လာသဖြင့် တပ်မတော်စစ်ကြောင်း တစ်ကြောင်းမှ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation)ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲ ခုနစ်ကြိမ် အပြင်းအထန်ဖြစ်ပွားခဲ့သည်။

**စစ်ဆင်ရေးဆောင်ရွက်**

တိုက်ပွဲများ ဖြစ်ပွားစဉ်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ၊ ကျေးရွာစာသင်ကျောင်းများရှိ သဲအိတ်ဘန်ကာများ၊ မြေအောက်ကတုတ်ကျင်းများအတွင်းမှ တပ်မတော်စစ်ကြောင်းအား အပြင်းအထန်ပြန်လည်ပစ်ခတ်ခြင်း၊ နီးစပ်ရာဦးဆောင်လှုပ်ရှားနေသည့် PDF အဖွဲ့များမှ ဆိုင်ကယ်၊ ကားများဖြင့် အင်အားဖြည့်တင်းလျက် ပြန်လည်ပစ်ခတ်ခဲ့သလို ကျေးရွာသူ ကျေးရွာသားများကိုလည်း လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထုတ်ပြန်ထားသည့်အတိုင်း ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement –ROE)နှင့်အညီ တိကျစွာ လိုက်နာပြီး အရပ်သားပြည်သူများ၊ ကျေးရွာများရှိ အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများအား အတတ်နိုင်ဆုံး ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် အကြမ်းဖက် ချေမှုန်းရေးစစ်ဆင်ရေးဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ ထပ်မံ၍ တပ်မတော် စစ်ကြောင်းများ အချိန်အမီ စစ်ကူရောက်ရှိခြင်းနှင့် လေကြောင်းပစ်ကူရယူ တိုက်ခိုက်ခြင်းတို့ကြောင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် အကြမ်းဖက်သမားများသည် မိုးတားလေးကျေးရွာရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ပေးခြင်းအား အရေးပေါ်ဆောင်ရွက်ခြင်းနှင့် ကျေးရွာပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးအပြည့်အဝ ရယူပေးခြင်းတို့ ဆောင်ရွက်ခဲ့ရသည်။

တိုက်ပွဲများပြီးဆုံးပြီးနောက် ကျေးရွာအတွင်း လှည့်လည်စစ်ဆေးခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စာသင်ကျောင်းပရဝဏ်အတွင်း သဲအိတ်ဘန်ကာများ၊ မြေအောက် အပစ်ကတုတ်ကျင်းများ အခိုင်အမာတည်ဆောက်ခုခံခြင်း၊ စာသင်ခန်းများအတွင်း ပညာသင်ကြားနေသည့် ကလေးများ အသုံးပြုသည့် စာရေးခုံများကို အသုံးပြု၍ သဲအိတ်များဖြင့် ဘန်ကာသဖွယ် အခိုင်အမာစခန်းတည်ဆောက်ထားခြင်း အပြင် အဓိကခုခံခဲ့သည့် ရွာဦးစေတီတော်ကုန်းတစ်ဝိုက်၌ လည်း စေတီပုထိုးများအကာအကွယ်ဖြင့်လည်းကောင်း၊ သံဃာနှင့် ကပ္ပိယ

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ အခိုင်အမာဝင်ရောက်နေထိုင်သည့် မိုးတားလေးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ဘုရားကုန်း နေရာပြပုံ






KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက မိုးတားလေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ခံစစ်စခန်းသဖွယ် ဆောက်လုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အကာအကွယ်ရယူ ပစ်ခတ်ခဲ့သည့် မိုးတားလေးကျေးရွာအနီးရှိ ဘုရားကုန်း။

အိပ်ဆောင်များ၌လည်းကောင်း၊ သဲအိတ်များစီ၍ ခုခံခဲ့သည့် အနေအထားတို့ကို တွေ့ရှိခဲ့သဖြင့် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းများအတွင်းရှိ ဘန်ကာများနှင့် စေတီကုန်းတစ်ဝိုက်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်းပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ စာသင်ကျောင်းနှင့် ကျေးရွာတစ်ဝိုက်တို့အား မိုင်းရှင်းလင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး စေတီပုထိုးနှင့် သံဃာအိပ်ဆောင်များ ပြန်လည်ပြုပြင်ပေးခြင်းများကို ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဆောင်ရွက်ပေးခဲ့ကာ နယ်မြေ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ လိုအပ်သည်များ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ အခိုင်အမာစခန်းများ ပြုလုပ်မှုအတွက် အကြမ်းဖက်အုပ်စုတို့က ရွာသူရွာသားများအား အဓမ္မနည်းဖြင့် ခြိမ်းခြောက်ဆောင်ရွက် စေခဲ့ကြောင်းကိုလည်း သိရှိရသည်။

**အရေးယူနိုင်ရေးဆောင်ရွက်**

အကြမ်းဖက်သမားများ အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပညာရေးဆိုင်ရာ အဆောက်အဦများ၊ ကျေးရွာများအတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများအတွင်း ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချအခြေပြု အကာအကွယ်ယူတိုက်ခိုက်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး၍ နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**







KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အကာအကွယ်ရယူ ပစ်ခတ်ခဲ့သည့် မိုးတားလေးကျေးရွာအနီးရှိ ဘုရားကုန်း။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာနေ စိုးနန္ဒာထွန်း (ခ) ဒါဒါသည် ၎င်းအသုံးပြုသည့် “Dar Dar” Tiktok အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စည်သာယာရပ်ကွက်နေ ဝင်းကျော်စိုးသည် ၎င်းအသုံးပြုသည့် “Win Kyaw Soe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာနေ မိုးဇော်ထွန်းသည် ၎င်းအသုံးပြုသည့် “Moelay Myanmar” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ ဘုရားဖူးပြန်လာသည့်မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ဆရာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့နယ်အတွင်း NUG ၊ CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဘုရားဖူး ပြန်လာသည့် မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး အပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**အကြောင်းမဲ့ပစ်ခတ်**

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးသန်းထွေး မောင်းနှင်ပြီး ကလိန်အောင်မြို့ ရာဖူးသစ်ကျေးရွာ ဗုဒ္ဓသာသနာ ရက္ခိတကျောင်း ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌနှင့် တပည့်ဒါယကာ ရှစ်ဦးတို့သည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ရာဖူးသစ်ကျေးရွာမှ ထားဝယ်မြို့ရှိ ဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြန်လည် ထွက်ခွာလာစဉ် ညနေ ၃ နာရီခန့်တွင် ကလိန်အောင်မြို့၏တောင်ဘက် ၁၄ မိုင်ခန့် အကွာ နှမ်းကြဲကျေးရွာအနီးသို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ဆရာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးကာ ခြောက်ဦးတွင် လက်နက်ငယ်ကျည်များ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ သေဆုံး၊ ဒဏ်ရာရရှိသူများအား ထားဝယ်မြို့ ပရဟိတအသင်းမှ မော်တော်ယာဉ်ဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

**တည်ငြိမ်အေးချမ်းရေး**

